# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 20 October 2024 ၁၁၆၁၆


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

**တိုင်းရင်းသားတို့ရဲ့ ဂီတတူရိယာကို ပေါင်းစပ်စုစည်း ဖော်ဆောင်ခြင်းအားဖြင့် ပြည်ထောင်စုတေးသံသာကို ဖန်တီးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**သင့်တင့်မျှတသောအာဟာရ၊ ဆီစားသုံးမှု လျှော့ချရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု**

ဆောင်းပါး စာမျက်နှာ » ၁၀

**ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီးထွက်သီးနှံစုံ ကေနစ်သိန်းကျော် လျာထားစိုက်ပျိုးမည်**

စာမျက်နှာ » ၁၁

**ဆားငန်မြေအတွက်အားထား “ရောမောင်”စပါး**

ဆောင်းပါး စာမျက်နှာ » ၂၅



ကြေးမုံ

# အခြေခံစားကုန် ဆန်စပါးဈေးနှုန်း သင့်တင့်မျှတရေးဆောင်ရွက်

မြန်မာနိုင်ငံသည် ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်သော နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး၏ အဓိကစားသုံးကုန်မှာ ဆန်ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ပြီး စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် ဈေးကွက်ပေါက်ဈေး လျော်ကန်သင့်မြတ်ပါမှ တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်သည်။ တောင်သူလယ်သမားများ အဆင်ပြေပြီး ဈေးကွက်တည်ငြိမ် သင့်တင့်မျှတပါမှ စားသုံးသူအခြေခံပြည်သူများပါ လူမှုစီးပွား ဘဝ ချောမွေ့စေမည်ဖြစ်သည်။

ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကကျသည့် စားသုံးကုန်သီးနှံဖြစ်သလို မဟာဗျူဟာမြောက်သည့် စိုက်ပျိုးရေးထွက်ကုန်ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုးရေး ဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်း၊ စိုက်ဧကအားလုံးအားဖြင့် စပါးဧက ၁၇ သန်းခန့် နှစ်စဉ်စိုက်ပျိုးပြီး ထွက်ရှိလာသည့် စပါးသီးနှံ၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းစားသုံးမှုနှင့်စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်မှုတွင် အသုံးပြုသည်။ ကျန် ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပသို့တင်ပို့လျက်ရှိသည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် တောင်သူလယ်သမားများသည် အရေးပါသည့် အရင်းအမြစ်များဖြစ်ပြီး ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မှု အပေါ်တွင် မူတည်၍ သွင်းအားစုတန်ဖိုးများ သင့်တင့်မျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုးတက်ဖြစ်ထွန်းမှုများရှိလာမည်။ ထွက်ရှိလာသည့်ဆန်စပါးများကို ဝယ်ယူသိုလှောင်ခြင်း၊ ဈေးကစားခြင်းတို့ပြုလုပ်၍ အမြတ်အစွန်းပိုမိုရရှိအောင် ပြုလုပ်ခြင်းသည် စီးပွားရေးတွင် ကမောက်ကမဖြစ်စေသလို စားသုံးသူပြည်သူများ အနေဖြင့် အခက်အခဲအကျပ်အတည်းများဖြစ်စေသည်။ ထို့ကြောင့် တောင်သူလယ်သမားများ အကျိုးစီးပွားကို အစဉ်အမြဲရှေးရှုဆောင်ရွက်ပေးပြီး ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆန်ဈေးနှုန်းမြင့်တက်ရသည့် အခြေခံအကြောင်းရင်းများတွင် ပြီးခဲ့သည့် စပါးပေါ်ချိန်ရာသီ၌ ရာသီဥတုဖောက်ပြန်ခြင်း၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာတို့ အပါအဝင် သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်း၊ လယ်ယာလုပ်အားခနှုန်းထားများ မြင့်မားလာခြင်းနှင့် ဆန်စပါးစိုက်ပျိုးသည့်ဒေသများတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်နေခြင်းတို့ကြောင့်ဖြစ်ပြီး အဓိကကျသည့်အကြောင်းရင်းတစ်ခုမှာ ဈေးကွက်တွင် ငွေကြေးအလုံးအရင်းဖြင့် ဝယ်ယူသိုလှောင်ဈေးကစားခြင်း ဖြစ်သည်။ ဆန်စပါးကဏ္ဍတွင် မူလစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် သွင်းအားစုကုန်ကျစရိတ်များနှင့် လျော်ညီသည့် စပါးဈေးနှုန်း၊ ဝယ်ယူကြိတ်ခွဲ သိုလှောင်ရောင်းချသူများအနေဖြင့် သင့်တင့်မျှတသည့် အကျိုးအမြတ်ယူမှသာ စားသုံးသူပြည်သူများ အဆင်ပြေမည်ဖြစ်သည်။

ယခုအခါ နိုင်ငံခြားငွေကြေးဈေးကွက်မြင့်မားမှုကို အကြောင်းပြု၍ ဆန်စပါးကဏ္ဍ သွင်းအားစုဈေးနှုန်းများ မြင့်မားလာခြင်းနှင့်အတူ ဈေးကွက်ဈေးနှုန်းများ မြှင့်တင်မှုကြောင့် ထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် စားသုံးသူပြည်သူများ အခက်အခဲဖြစ်လာခဲ့သည်။ ထို့ကြောင့် ဆန်စပါးကဏ္ဍတွင် အဓိကကျသည့် တောင်သူလယ်သမားများ အခက်အခဲမဖြစ်စေရေးအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က အောက်တိုဘာလ ၁၉ ရက်နေ့တွင် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ထုတ်ပြန်အသိပေးကြေညာခဲ့သည်။ ပြောင်းလဲလာသောအခြေအနေအလိုက် ယခင်ကလည်း အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ခဲ့ဖူးသည်။

အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ် ကိုးသိန်းခွဲ သတ်မှတ်လိုက်သည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင် ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။ ယခုသတ်မှတ်လိုက်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၄ ခုနှစ် မိုးစပါးနှင့် ၂၀၂၅ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အများပြည်သူအကျိုးစီးပွားကိုရှေးရှုပြီး အခြေခံကျသည့် ဆန်စပါးကဲ့သို့ စားသုံးကုန်ပစ္စည်းဈေးနှုန်းများကို စောင့်ကြည့်စစ်ဆေးထိန်းညှိပေးလျက်ရှိသည်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းထားပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စပါးသီးနှံများ၏ အခြေခံရည်ညွှန်းဈေးကို အခြေအနေအချိန်အခါနှင့်လျော်ညီစွာ သတ်မှတ်လိုက်ရာ စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ရောင်းဝယ်ဖောက်ကား ကုန်သည်များနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသည့်ဈေးကွက်တစ်ခု ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အစမ္ပခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္ပခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္ပခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အစမ္ပခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အစမ္ပခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ရဝမ်ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

○ ရှေ့ဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့် အတူ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ရသမြောက်စွာကပြယှဉ်ပြိုင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် Plenary Hall ၌ ကျင်းပလျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာအကအဖွဲ့များက တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေသည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုကြသည်။

ယှဉ်ပြိုင်ကပြမှုများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မွန်ပြည်နယ်ကိုယ်စားပြု မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့ ရသမြောက်စွာ ကပြယှဉ်ပြိုင်စဉ်။

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
( ခ ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
( ဂ ) ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
( င ) ကမ္ဘောဇဘဏ်လီမိတက်၊
( စ ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
( ဇ ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
( ဈ ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
( ဋ ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
( ဌ ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
( ဍ ) ဧရာဝတီဘဏ်လီမိတက်၊
( ဎ ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊
(တ) ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး အခြေခံပညာဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**တေးသီချင်းအဆိုပြိုင်ပွဲ**

ယနေ့တွင် “အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျေးရွာဝါဒ” သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂီတရေစီးကြောင်း” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မင်းသားကြိုးဆွဲ ရုပ်သေးရုပ်နှင့် ဇော်ဂျီကြိုးဆွဲ ရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက် စုံလင်စွာ ယှဉ်ပြိုင်ကြသည်။

တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရှမ်းတိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ ချင်းပြည်နယ် ကိုယ်စားပြု ချင်းတိုင်းရင်းသားရိုးရာ ဝါးညှပ်အကအဖွဲ့၊ မွန်ပြည်နယ် ကိုယ်စားပြု မွန်တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ထားဝယ်ရိုးရာ အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု ရှမ်းရိုးရာ အကအဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု ကယားရိုးရာ အကအဖွဲ့၊ ကချင်ပြည်နယ် ကိုယ်စားပြု ရဝမ်ရိုးရာ အကအဖွဲ့၊ ကရင်ပြည်နယ် ကိုယ်စားပြု ကရင်ရိုးရာ ဒုံးယိမ်းအကအဖွဲ့နှင့် ရခိုင်ပြည်နယ် ကိုယ်စားပြု ရခိုင်ရိုးရာ အကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ် ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဂီတဖြင့် ပြည်အလှဆင်မည်” ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု ရွှေဖားစည်သံ အောင်နန်းဆန် ရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

ဒုံမင်းအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မန်းတောင်လက်ယာ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖန်ထွေလာ”(မွန်) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာမြို့”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာမြို့” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇမ္ဗူတောင်ညာ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း ဝါသနာရှင်အဆင့် ( ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သည်ဆောင်းဟေမန်” (ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျွန်းကျွန်းပိုင်သ” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောဟေဝန်လယ်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေမင်းဂံ” (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေမင်းဂံ” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ အလွတ်တန်းအဆင့် အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ မွန်ရိုးရာတူရိယာအဖွဲ့၊ ကချင်ရိုးရာတူရိယာဂီတသံစဉ်အဖွဲ့၊ ရခိုင်ရိုးရာတူရိယာအဖွဲ့၊ ကရင်ရိုးရာတူရိယာအဖွဲ့၊ ချင်းရိုးရာတူရိယာအဖွဲ့၊ ရှမ်းရိုးရာ တူရိယာအဖွဲ့နှင့် ကယားရိုးရာ တူရိယာအဖွဲ့တို့က မိမိတို့၏ ရိုးရာဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုပေါ်လွင်စေမည့် အဆို၊ အကများနှင့်အတူ မြိုင်ဆိုင်လှသည့် တီးလုံးတီးကွက်များ ပေါင်းစပ်၍ လက်စွမ်းပြ တီးခတ်ယှဉ်ပြိုင်ကြသည်။

**စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညင်းညင်း"(မွန်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခိုင်ပန်းစုံ" (ထပ်တွန့်ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်






ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။





ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း) ဇာတ်တော်ကြီးပြိုင်ပွဲတွင် မဟာဇနကဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရွှေမင်းသားလေး ကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ" (ဘွဲ့) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်မြူး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာသုတသောမဇာတ်တော်" ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ် ကိုယ်စားပြု "ရွှေဖားစည်သံအောင်နန်းစံ" ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြေများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရွှေမင်းသားလေး ကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးအောင်ကျော်ဟိုး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီးတွင် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ အရေးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ပထမတန်း (အမျိုးသား၊ အမျိုးသမီး)၊ ဝါသနာရှင်အဆင့် ဒုတိယတန်း (အမျိုးသား၊ အမျိုးသမီး)၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) (အမျိုးသား၊ အမျိုးသမီး) အဆင့်များ သတ်မှတ်၍ သတ်မှတ်ခေါင်းစဉ်အလိုက် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်လျက်ရှိသည်။

အတီးပြိုင်ပွဲများတွင် တစ်ဦးချင်း ပြိုင်ပွဲများဖြစ်သည့် စောင်း၊ စန္ဒရား၊ ပတ္တလား၊ နှဲ၊ ပလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲများနှင့် ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲတို့အတွက် အဆင့်အလိုက် မဲကျရာ တေးသီချင်းများဖြင့် ယှဉ်ပြိုင်ကြရပြီး အိုးစည်၊ ဒိုးပတ် အဖွဲ့လိုက်ပြိုင်ပွဲများကို ယခင်နှစ်နည်းတူ ယှဉ်ပြိုင်ကြသည်။ ထို့ပြင် ငွေရတုအထိမ်းအမှတ်အဖြစ် ပြည်နယ်တစ်ခုလျှင် ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၈ မိနစ်ထက်မပိုသော တိုင်းရင်းသား ရိုးရာတူရိယာများဖြင့် လက်စွမ်းပြဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဒုံမင်း အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မကြည်ကြည်မာ ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဖွဲ့ဝေယံထက် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဆင္ခမနေ့မြင်ကွင်း




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာအကအဖွဲ့ ရသမြောက်စွာ ကပြယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) ကွက်စိပ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ခေတ်သစ်ကိုကိုလွင်(ခ) ဦးမျိုးအောင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးသန်းဝင်း ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မမြတ်ရွှေအိမ် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်ခန့်လင်းမြတ် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း) အရေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးကျော်စွာထွန်း ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်မြတ်မင်းခေါင် ယှဉ်ပြိုင်စဉ်။




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့ ရသမြောက်စွာ ကပြယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကောင်းဆက်(ခ)ဦးကျော်ဆန်းလွင် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း) ဇာတ်တော်ကြီးအဖွဲ့လိုက်ပြိုင်ပွဲတွင် "မဟာဇနက"ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရွှေမင်းသားလေးကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့ တင်ဆက်ကပြ ယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ချင်းပြည်နယ်ကိုယ်စားပြု ချင်းတိုင်းရင်းသား ရိုးရာ ဝါးညှပ်အကအဖွဲ့က ရသမြောက်စွာကပြယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ)မောင်မင်းခေတ် ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မနှင်းအိရွှေစင် (ခ) ထက်ဧကရီ ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မလှိုင်းရွှေစင် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ဒုတိယတန်း) အရေးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးမှ မလင်းလက်နွယ်(ခ)မိမိနွယ် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ပထမတန်း) ကွက်စိပ်ပြိုင်ပွဲ တွင် မွန်ပြည်နယ်မှ ဦးမျိုးဆန်း ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲ တွင် ကချင်ပြည်နယ်မှ မဆုမြတ်မို ယှဉ်ပြိုင်စဉ်။





ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးဇော်မင်း(ခ)ဖိုးလပြည့် ယှဉ်ပြိုင်စဉ်။

# တိုင်းရင်းသားတို့ရဲ့ ဂီတတူရိယာကို ပေါင်းစပ်စုစည်းဖော်ဆောင်ခြင်းအားဖြင့် ပြည်ထောင်စု တေးသံသာကို ဖန်တီးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်

**ဦးစောကျော်ညွန့်**

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် ညီနောင်သားချင်း တိုင်းရင်းသားများ ပေါင်းစုနေထိုင်သည့်နိုင်ငံဖြစ်သလို မြန်မာ့ရိုးရာယဉ်ကျေးမှုသည်လည်း သမိုင်းအစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည့်အတွက် မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့်အတူ အမျိုးဂုဏ်၊ ဇာတိဂုဏ် ပိုမိုထွန်းတောက်ရေး၊ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟူ၍ ဝင့်ကြွားစွာနှင့် ဂုဏ်သိက္ခာရှိစွာရပ်တည် နိုင်ရေးအတွက် အမျိုးသားယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းရန် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ယခု ငွေရတုအထိမ်းအမှတ် အဖြစ် ကျင်းပနေသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည်လည်း ခြောက်ရက်မြောက်နေ့တိုင်ခဲ့ပြီဖြစ်ပြီး ယနေ့တွင် ပြိုင်ပွဲအသီးသီး၌ တာဝန်ယူရသူများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်–

**တွေ့ဆုံမေးမြန်း - ခိုင်သန္တာရွှေ**
**ဓာတ်ပုံ - အလင်းသစ်**


ဦးစောကျော်ညွန့်


မောင်မြတ်ဉာဏတိုး


မမြတ်ရွှေအိမ်


ဦးစွယ်စုံဝင်း


ဦးစိုးမိုးအောင်

**ဦးစောကျော်ညွန့်**
**တိုင်းရင်းသားရိုးရာတူရိယာ**
**တေးဂီတပြိုင်ပွဲဝင်**
**ကရင်ပြည်နယ်ကိုယ်စားပြု**

(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ကရင် ပြည်နယ် ကိုယ်စားပြုအနေနဲ့ တိုင်းရင်းသားအကကို မြူးကြွ လှပတဲ့ ကရင်ရိုးရာဒုံးယိမ်းအက ဖြင့် ဖျော်ဖြေဖို့ ပြင်ဆင်ခဲ့ပါတယ်။ တီးဝိုင်းအဖွဲ့နဲ့ နောက်ထိုင်အဆို အပါအဝင် စုစုပေါင်း ၂၆ ဦး ပါဝင် ပါတယ်။ ဒီအကအတွက် ရက်ပေါင်း ၄၅ ရက်ခန့် စခန်းသွင်းလေ့ကျင့်ခဲ့ ပါတယ်။ ဒီနှစ်မှာငွေရတုအထိမ်း အမှတ်ပါဝင်တဲ့ တိုင်းရင်းသား တူရိယာဂီတပြိုင်ပွဲအတွက် ကရင် တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ တူရိယာများဖြစ်တဲ့ ကရင် ဗျပ်စောင်း၊ နှဲ၊ ပီပါ၊ ပလွေ၊ လင်းကွင်း၊ ဗုံ၊ ဖားစည်၊ ကျွဲချိုတို့နဲ့ အချိုးကျ ပါဝင်တီးခတ်ဖျော်ဖြေ သွားတာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင် စုစုပေါင်း ၁၇ ဦးနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ တာဖြစ်ပါတယ်။ ဒီအစီအစဉ်က ကောင်းမွန်တဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်။ တိုင်းရင်းသားတို့ရဲ့ ဂီတတူရိယာကို ပေါင်းစပ် စုစည်းဖော်ဆောင်ခြင်းအားဖြင့် ပြည်ထောင်စု တေးသံသာကို ဖန်တီးပေးနိုင်မယ်လို့ ယုံကြည် ပါတယ်။ မနက်ဖြန်မှာဆိုရင် ချင်းတိုင်းရင်းသားရိုးရာအကကို စုစုပေါင်း ၁၆ ဦးနဲ့ ပါဝင်ယှဉ်ပြိုင် သွားမှာ ဖြစ်ပါတယ်။ အခြား တိုင်းရင်းသား ရိုးရာအကကို ယှဉ်ပြိုင်ရတဲ့အခါ တိုင်းရင်းသား အားလုံး သွေးစည်းချစ်ကြည် ရင်းနှီးမှုနဲ့ ပြည်ထောင်စု စိတ်ဓာတ်ကို ပိုမိုဖော်ဆောင်ပေး နိုင်တယ်လို့ ယုံကြည်ပါတယ်။

**မောင်မြတ်ဉာဏတိုး**
**ပတ္တလားအတီးပြိုင်ပွဲဝင်**
**အခြေခံပညာ(အသက် ၁၀–၁၅ နှစ်)**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ဒီနေ့ ပတ္တလားအတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် သီချင်းသုံးပုဒ် လေ့ကျင့်ရပါ တယ်။ အခုပြိုင်ပွဲဝင်ခဲ့တာကတော့ မင်္ဂလာသီရိနဲ့ ဖြစ်ပါတယ်။ လေ့ကျင့်ခဲ့ရတဲ့ သီချင်းသုံးပုဒ် ကတော့ ဟေမာန်ပွေဟန်၊ သီလာ မြေယံ၊ မင်္ဂလာသီရိ စတဲ့သီချင်း တွေဖြစ်ပါတယ်။ အခုမဲနှိုက် ရွေးချယ်တဲ့အချိန်မှာ ယှဉ်ပြိုင်ရတဲ့ မင်္ဂလာသီရိသီချင်းကို အတော် လေး ပိုင်ပိုင်နိုင်နိုင်ရှိခဲ့ပါတယ်။ မနှစ်ကတော့ ပတ္တလားပဲ ယှဉ်ပြိုင် ဖြစ်ခဲ့ပါတယ်။ ဒီနှစ်ကျတော့ ပတ္တလားပြိုင်ပွဲအပြင် ဆိုင်းတစ်ဦး ချင်းပြိုင်ပွဲမှာပါ ဝင်ရောက်ယှဉ်ပြိုင် ဖြစ်ပါတယ်။ အတီးပြိုင်ပွဲမှာဆိုရင် ဆိုင်းနဲ့ ပတ္တလားဝင်ပြိုင်ခဲ့ပေမယ့် ဆိုင်းကို ပိုပြီးဝါသနာပါတယ်။ အခုပတ္တလားပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ဖို့အတွက် ပြိုင်ပွဲမစတင်မီ နှစ်လလောက်ကတည်းက နေ့စဉ် လေ့ကျင့်ခဲ့ရပါတယ်။ ကျောင်းတွေ မှာလည်း ပတ္တလားနဲ့ ဆိုင်းကို ဦးစားပေးအနေနဲ့ ဝင်ပြိုင်ခဲ့ပါ တယ်။ အပြင်မှာတော့ တစ်ခါ နှစ်ခါလောက်ပဲ တီးဖူးတာပါ။ သားအနေနဲ့ အသက်ကြီးလာရင် ဆိုင်းဆရာလုပ်မယ်လို့ ရည်ရွယ် ထားပါတယ်။ အခုလိုပြိုင်ပွဲကြီး ကျင်းပပေးသူတွေရော၊ ပြိုင်ပွဲ ဝင်နိုင်အောင် သင်ကြားပြသပေး တဲ့ ဆရာ ဆရာမတွေကိုရော ကျေးဇူးတင်ပါတယ်။

**မမြတ်ရွှေအိမ်**
**ဆိုင်းတစ်ဦးချင်းပြိုင်ပွဲဝင်**
**အခြေခံပညာ(အသက် ၁၀–၁၅ နှစ်)**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

အခု ယှဉ်ပြိုင်ရတာကတော့ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲဖြစ်ပြီး သီချင်းအမည်ကတော့ ဘုံဆောင်မြင့်(ကြိုး)သီချင်းပဲ ဖြစ်ပါတယ်။ ပြဋ္ဌာန်းသီချင်းသုံးပုဒ်ကို လေ့လာ ခဲ့ရပါတယ်။ အရင်နှစ်တွေက မပြိုင်ဖူးပါဘူး။ ဒီနှစ်မှ ပထမဆုံး ဝင်ပြိုင်ဖြစ်တာပါ။ ပြိုင်ပွဲနဲ့ ပတ်သက်ပြီး စိတ်လှုပ်ရှားမှုတော့ မရှိပါဘူး။ ကိုယ်လုပ်နိုင်ရမယ် ဆိုတဲ့စိတ်ပဲရှိတာပါ။ ဘိုးဘွား အစဉ်အဆက် ဆိုင်းမျိုးရိုးတွေ ဖြစ်ပါတယ်။ သမီးရဲ့ လက်ဦးဆရာကတော့ ရွှေတံဆိပ်ဆုရှင် ဆရာ ရွှေပြည်ရန်နိုင်ပဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကိုဝင်ပြိုင်ဖို့ ကျောင်း တစ်ဖက်၊ ဆို၊ က၊ ရေး၊ တီး တစ်ဖက်နဲ့ဆိုတော့ ကျောင်းက ပြန်လာရင် သီချင်းတွေလေ့ကျင့်ရ တာဖြစ်ပါတယ်။ ဆိုင်းပညာရပ်ကို လေ့လာဖြစ်တာကတော့ ကိုဗစ် ကာလမှာ စပြီးလေ့လာဖြစ်ခဲ့ ပါတယ်။ အသက်အရွယ်အရ ပြောရရင်တော့ ကိုးနှစ်အရွယ် ကတည်းကပါ။ ငွေရတုအထိမ်း အမှတ်ပြိုင်ပွဲကြီးမှာ ယှဉ်ပြိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ခဲ့ရတာတွေတော့ အများကြီးရှိခဲ့ပါတယ်။ ဆိုင်းပညာ ကို အများကြီးခုံမင်နှစ်သက်ခဲ့ ပါတယ်။ ဆိုင်းပညာဟာ အဖေ၊ အမေ ဘိုးဘွားအစဉ်အဆက် တွေရဲ့ အမွေကို ဆက်ခံခွင့်ရတာ ဖြစ်သလို သမီးကိုယ်တိုင်ကလည်း ဝါသနာပါလို့ ဆက်လက် ထိန်းသိမ်းဖို့ ရည်ရွယ်ခဲ့တာဖြစ်ပါ တယ်။ သမီးကြီးလာရင်လည်း ဆိုင်းပညာကို ဆက်လက် ထိန်းသိမ်းသွားမယ်လို့ စိတ်ကူး ထားပါတယ်။ သမီးကို သင်ကြား ပြသပေးတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေ အပါအဝင် သမီးရဲ့ ဖေဖေ၊ မေမေ၊ ကိုကို၊ မမ၊ ဦးဦး၊ ဒေါ်ဒေါ် တို့ကိုလည်း ကျေးဇူးတင်ရှိပါတယ်လို့ ပြောချင် ပါတယ်။

**ဦးစွယ်စုံဝင်း**
**ကွက်စိပ်နည်းပြနှင့် အုပ်ချုပ်သူ**
**ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု**

ကွက်စိပ်ကို ဝါသနာရှင်(ပထမ တန်း)ရော၊ ဝါသနာရှင်(ဒုတိယ တန်း)ရော တာဝန်ယူရတာ ဖြစ်ပါ တယ်။ မနှစ်ကဆိုရင် ဇာတ်ညွှန်း ရော၊ ပြိုင်ပွဲဝင်ရော၊ ပံ့ပိုးဆိုင်းရော ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ် လည်း ဇာတ်ညွှန်းကို ကြိုးစားပြီး ရေးထားပါတယ်။ အခုယှဉ်ပြိုင် ခဲ့တဲ့ ဝါသနာရှင်(ပထမတန်း)ပြိုင်ပွဲ က မဟာသုတသောမဇာတ်တော် ဖြစ်ပါတယ်။ ဇာတ်ထုပ်ကြီးဖြစ်တဲ့ အတွက်လည်း ခဲရာခဲဆစ်ရေးရ တယ်။ ကွက်စိပ်ပညာက သဘင် အတတ်ပညာကို တော်တော်လေး ကျွမ်းကျင်မှ ဇာတ်ညွှန်းတစ်ခု ရေးလို့ရတာ။ ကွက်စိပ်ဆိုတာက သဘင်နဲ့ နွယ်နေတာလည်းဖြစ်ပါ တယ်။ သဘင်နဲ့ပတ်သက်ပြီး မသိရင် ဘယ်နေရာမှာ လေပြေ ထိုးမယ်၊ ဘယ်နေရာမှာ နရီချမယ် မသိရင် ဇာတ်ထုပ်က ရေးလို့မရ ဘူး။ ဟိုတုန်းက အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်နဲ့လည်း ကလာ ခဲ့တာပါ။ အရင်ကတော့ ကိုယ်တိုင် ဝင်ပြိုင်ခဲ့တာပါ။ ၂၀၁၃ ခုနှစ် တုန်းကဆိုရင် ဆဒ္ဒန်ဆင်မင်း ဇာတ်တော်နဲ့ ရွှေတံဆိပ်ရရှိခဲ့ဖူးပါ တယ်။ နောက်ပိုင်းတော့ တပည့် တွေကိုပဲ သင်ပေးဖြစ်တော့တယ်။ အခုတပည့်တွေထဲမှာ ပြည့်ဖြိုးဦး က ဒီနှစ် ဝါသနာရှင်(ပထမတန်း)၊ မနှစ်က ဝါသနာရှင်(ဒုတိယတန်း) မှာ ရွှေတံဆိပ်ရခဲ့တယ်။ ဒီနှစ်လည်း ရွှေတံဆိပ်ရဖို့ မှန်းထားပါတယ်။ ကွက်စိပ်ပညာရဲ့ ခက်ခဲနက်နဲမှု အပိုင်းကတော့ တစ်ယောက်တည်း နဲ့ ဇာတ်ထဲမှာပါတဲ့ သရုပ်ဆောင် အားလုံးကို တစ်ယောက်တည်း သရုပ်ဆောင်ရတာ ဖြစ်ပါတယ်။ အဲဒီလို မလုပ်တတ်ရင် သရုပ်ဆောင်တာမဟုတ်ဘဲ စကား ပြောသလို ဖြစ်သွားတတ်တယ်။ ၁၉၇၄၊ ၁၉၇၅ ခုနှစ် ကတည်းက ဒီပညာတွေကို လေ့လာဖြစ်ခဲ့ တာပါ။ လူရွှင်တော်၊ ပြက်လုံး၊ မင်းသားငိုချင်း၊ မင်းသမီးငိုချင်း အကုန်ရေးတတ်တယ်။ ဒါက လည်း တက္ကသိုလ်မှာကတည်းက ဆရာတွေရဲ့ သင်ကြားပေးမှု ကြောင့်လည်း ဖြစ်ပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွေ ကျင်းပပေးတာ အလွန်ဝမ်းသာတယ်။ ဇာတ်ထုပ် တစ်ခုလာပြီဆိုရင် ငါတို့ဘယ်လို ပြန်ရေးမလဲဆိုတာကအစ ပညာ ရပ်တွေ ပြန်ပေါ်လာတယ်။ ပေါ်လာတဲ့အပြင် တပည့်တွေကို လည်း လက်ဆင့်ကမ်းအမွေအဖြစ် ပြန်သင်ပေးဖြစ်တယ်။ သင်ပေး ရင်းနဲ့ မြန်မာတို့ရဲ့ သဘင်အတတ် ပညာကိုလည်း သူတို့တဖြည်းဖြည်း နဲ့ နားလည်လာမယ်။ လေယူ လေသိမ်း၊ ငိုတာကအစပေါ့၊ ငိုတဲ့ နေရာမှာလည်း အမလေးက ထည့်ချင်တိုင်း ထည့်လို့မရဘူး။ သူ့နေရာနဲ့သူ ထည့်ရတာ။ အမလေးမှာလည်း ပတ်သံနဲ့ ကိုက်အောင်ထည့်ရတာ။ အဲဒီလို မဟုတ်ရင် ငိုချင်းမမှန်ဘူး။ ဒီကွက် စိပ်ပညာနဲ့ ပတ်သက်လို့ကတော့ ချက်ချင်းမတတ်ဘူး။ အတော်လေး လေ့လာရတယ်။

**ဦးစိုးမိုးအောင်**
**အရေးပြိုင်ပွဲဝင်**
**ဝါသနာရှင်(ဒုတိယတန်း)**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

ဒီနေ့ယှဉ်ပြိုင်ခဲ့ရတာကတော့ ဂီတနှင့် ပြည်အလှဆင်မည် ခေါင်းစဉ်နဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါ တယ်။ ကျွန်တော်တို့ ဂီတက ပျူခေတ်ကနေပြီးတော့ တိုင်းပြည် အတွက် နှစ်ပြည်ထောင်ချစ်ကြည် ရေးတွေမှာ တစ်ထောင့်တစ်နေရာ ကနေ အလှဆင်ခဲ့တယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က တော့ ကျွန်တော်တို့ တိုင်းပြည် အပါအဝင် တစ်ကမ္ဘာလုံး ငြိမ်းချမ်း ပါစေ။ ငြိမ်းချမ်းမှုလည်း ဂီတက ဆောင်ရွက်လို့ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်နဲ့ ကမ္ဘာကြီးမှာ စစ်ပွဲ တွေရပ်ပြီး ငြိမ်းချမ်းရေးကို ဦးတည်တဲ့ ရည်ရွယ်ချက်တွေနဲ့ အခုပြိုင်ပွဲဝင်သီချင်းကို ရေးခဲ့ပါ တယ်။ အရေးပြိုင်ပွဲနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေမှာ ဝင်ရောက် ယှဉ်ပြိုင်ဖြစ်ခဲ့တာ ပထမဆုံးအကြိမ် ကျင်းပတဲ့ ၁၉၉၃ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်ထိ ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ်မှာ ပြန်လည်ယှဉ်ပြိုင်ခဲ့ပြီး အခုနှစ်နဲ့ဆို နေပြည်တော်မှာ ကျင်းပတဲ့ ပြိုင်ပွဲတွေမှာ နှစ်ကြိမ် ရှိသွားပါပြီ။ သီချင်းရေးပြိုင်ပွဲမှာ ၁၉၉၃ ခုနှစ်က ရွှေတံဆိပ်ရခဲ့ပါ တယ်။ ၁၉၉၄ ခုနှစ်မှာ ငွေတံဆိပ် ဆုရပါတယ်။ ၁၉၉၈ ခုနှစ်မှာ ရွှေတံဆိပ်ရခဲ့ပြီး မနှစ်ကတော့ နှစ်သိမ့်ဆုပဲရခဲ့တာ ဖြစ်ပါတယ်။ သီချင်းရေးပြိုင်ပွဲဝင်ဖို့အတွက် ဆိုရင်တော့ စာများများဖတ်ဖို့ လိုပါတယ်။ ရှေးပညာရှင်တွေရဲ့ တေးသွား ယူဆပုံတွေလေ့လာ ရမယ်။ တေးရေးဆရာကောင်း တစ်ယောက် ဖြစ်ဖို့အတွက် ဆိုရင်တော့ တူရိယာတစ်မျိုး တတ်မြောက်ဖို့တော့လိုပါတယ်။ တူရိယာတတ်မြောက်မှ ကိုယ်ရှာ တဲ့အသံက စိတ်ကြိုက်ဖြစ်မှာဖြစ် ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို နှစ်တိုင်း ကျင်းပသင့်ပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး တွေ ကျင်းပပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေကို ကျေးဇူးတင်ပါ တယ်။ ဒီပြိုင်ပွဲကြီးတွေ ကျင်းပ ပေးတဲ့အတွက် အကုန်အကျတွေ များတယ်ဆိုပေမယ့် ရိုးရာအမွေ အနှစ်တွေကို ထိန်းသိမ်းတာ ဖြစ်တဲ့အတွက် တန်ဖိုးဖြတ်လို့မရ ပါဘူး။ ဒီပွဲတော်ကြီး အောင်မြင်စွာ ကျင်းပတာကိုလည်း အများကြီး ဝမ်းသာပါတယ်။ နှစ်စဉ်မပြတ် ကျင်းပပေးပြီး မျိုးဆက်သစ်တွေ ပေါ်ထွန်းလာအောင် ဆက်လက် ပြီး လုပ်ဆောင်ပေးဖို့လည်း တောင်းဆိုချင်ပါတယ်။

✪

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၉**

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမ ပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ The Buddhist Association of China ၏ ဥက္ကဋ္ဌဆရာတော် Yan Jue အမှူးပြုသော ဆရာတော်ကြီးများနှင့် တွေ့ဆုံစဉ်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသောဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့သည် အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ် နင်းဘိုမြို့ ရှယ်တုံးတောင်၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ဖိုရမ်သို့ တက်ရောက်ပြီး ခရီးစဉ်အတွင်း Howard Johnson ဟိုတယ်ဧည့်ခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများသည် The Buddhist Association of China ၏ ဥက္ကဋ္ဌဆရာတော် Yan Jue အမှူးပြုသော ဆရာတော်ကြီးများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် The Buddhist Association of China ဥက္ကဋ္ဌဆရာတော် Yan Jue က နောင်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဗုဒ္ဓဘာသာဆိုင်ရာ ဆွေးနွေးပွဲများ ကောင်းမွန်စွာ ကျင်းပနိုင်ရေး စီစဉ်သွားမည်ဖြစ်ကြောင်း၊ ယခု ဗုဒ္ဓဘာသာဖိုရမ်သို့ ကြွရောက်လာသော ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အဖွဲ့ဝင်ဆရာတော်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အတွေ့အကြုံကောင်းများ ပြည့်ပြည့်ဝဝ ရယူနိုင်ကြပါစေကြောင်း ဆွေးနွေးပြောကြားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တရုတ်နိုင်ငံတွင် ယခုလို ဗုဒ္ဓဘာသာနှင့်ပတ်သက်သော အစည်းအဝေးကြီးကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များ စုပေါင်းပြီး ညီညီညွတ်ညွတ်ပြုလုပ်ခြင်းသည် မိမိတို့ ဗုဒ္ဓဘာသာအတွက် တိုးတက်ကြီးပွားကြောင်းဖြစ်သည့် အကြောင်းတရားတစ်ခုဖြစ်ကြောင်း၊ အခါအခွင့်သင့်ပါက တရုတ်နိုင်ငံမှ စွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်လိုပါကြောင်း ဆွေးနွေးလျှောက်ထားသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် The Buddhist Association of China ၏ ဥက္ကဋ္ဌဆရာတော် Yan Jue အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၈ ရက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Luo Yu Hai ၊ Southern China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Liu Xiao Ming ၊ Yunnan Association for International Friendly Contact ဥက္ကဋ္ဌ Mr. Chen Tao နှင့် တွေ့ဆုံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အဆင်းရနံ့လှိုင် သင်းပျံ့ကြိုင်သည့် မင်္ဂလာ

☆ အဆို ပိုင်ပိုင်
အက လှိုင်လှိုင်
အရေး ခိုင်ခိုင်
အတီး မြိုင်မြိုင်
သင်းပျံ့ကြိုင်သည့် မင်္ဂလာ။
ဆို၊ က၊ ရေး၊ တီး ဒီချိန်ခါ။

☆ ဒို့ရိုးရာ ယဉ်ကျေးမှု
အနုပညာ၊ ဂုဏ်အင်္ဂါကို
မြန်မာ ဒို့တွေ၊ ထိန်းသိမ်းလေမှ
ဆွေရင်း မြန်မာ၊ ဖော်ထုတ်ပါမှ
သူ့, ငါ နောင်ဆွေ၊ မြှင့်တင်ပေမှ
မျိုးဆွေညီနောင်၊ ဆက်ပျိုးထောင်မှ
နောင်အရှည်ဝယ် တည်တံ့မည်။
အရိုးကိုအရွက် မဖုံးမည်။

☆ အမျိုး၏ ဂုဏ်၊ ဇာတိဂုဏ်တို့
လွှမ်းခြုံပေါင်းစု ၊ ယဉ်ကျေးမှုဖြင့်
အနုပညာ၊ အဖြာဖြာဖြင့်
ဌာနေ ဒို့ပြည်၊ ဖွံ့ဖြိုးစည်ပြီး
ပြည်သူ မြန်မာ၊ စိတ်ကြည်သာအောင်
မှန်စွာ ဖြည့်ဆည်း ဆောင်လေသော်။
မြန်မာ ရှေ့ခရီး အောင်စေသော်။

မျိုးမြတ်မြတ်မြင့်မောင်

## မုံရွာမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**မုံရွာ အောက်တိုဘာ ၁၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၃၁ ဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် အောက်တိုဘာ ၁၉ ရက်က ဆက်လက်ကွင်းဆင်းကောက်ယူလျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူနေမှုကို မုံရွာခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

မုံရွာမြို့နယ်တွင် အောက်တိုဘာ ၁ ရက်မှ ၁၈ ရက်အထိ ၇၈ ရာခိုင်နှုန်း ကောက်ယူပြီးစီးပြီဖြစ်ကာ ကျန်ရှိရပ်ကွက်များအလိုက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ တိုင်ထောင်ပဲတောင့်ရှည်များ ဈေးကောင်းရရှိ၍ စီးပွားဖြစ်စိုက်ပျိုးလာ

**ပေါင် အောက်တိုဘာ ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ်အနီးဝန်းကျင်နှင့် ကျေးလက်ဒေသများတွင် တိုင်ထောင်ပဲတောင့်ရှည်စိုက်တောင်သူများ ဈေးကောင်းရရှိသဖြင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

တိုင်ထောင် ပဲတောင့်ရှည်ပင်များကို မစိုက်မီ မြောင်းပေါင်ကို အရင်ဆုံးပြုပြင်ရပြီး စိုက်ပေါင်များအတွင်း မြေခံကြက်ချေး သို့မဟုတ် နွားချေးနှင့် ဆန်စက်မှရရှိသည့် ဖွဲမှုန့်များကို ရောစပ်ထည့်ပေးရကြောင်း၊ ပဲမျိုးစေ့များကို အစေ့ချစနစ်ဖြင့် စိုက်ပျိုးကာ တစ်ပင်နှင့်တစ်ပင် တစ်တောင်ခြား စိုက်ပျိုးရကြောင်း၊ အပင်ကြီးထွားမှုနှင့် လေဝင်လေထွက်ကောင်းရန် ဂရုစိုက်ရပြီး ရက် ၄၀ ခန့်အကြာတွင် စတင်အသီးသီးကာ ရက် ၅၀ ကြာလျှင် အသီးလှိုင်လှိုင်ထွက်ရှိကြောင်းနှင့် နှစ်ရက်ခြားတစ်ခါ ခူး၍ရောင်းချရပြီး နှစ်လကြာအထိ ခူးဆွတ်ရောင်းချရကြောင်း ပေါင်မြို့နယ် ကျုံကကျေးရွာမှ တိုင်ထောင်ပဲတောင့်ရှည်စိုက်တောင်သူတစ်ဦးက ပြောသည်။

တိုင်ထောင် ပဲတောင့်ရှည်ပင်များကို ရာသီမရွေးစိုက်ပျိုးရပြီး ဈေးကွက်တွင် ဒေသပေါက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ ၁၀ တောင့်တစ်စည်းလျှင် ငွေကျပ် ၅၀၀ ရရှိကြောင်းသိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# သင့်တင့်မျှတသောအာဟာရ၊ ဆီစားသုံးမှုလျှော့ချရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု

အောင်မင်း(ပဲခူး)

ကျန်းမာခြင်းဆိုသည် ရောဂါဘယကင်းရှင်း၍ ခန္ဓာကိုယ်ချို့ယွင်းမှု မရှိရုံမျှသာမက ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့နှင့် ပြည့်စုံနေသော အခြေအနေဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖွင့်ဆိုထားပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် နိစ္စဓူဝ နေ့စဉ်မိမိလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို အဆင်ပြေပြေ စွမ်းဆောင်နေနိုင်သော အခြေအနေကို ကျန်းမာရေးကောင်းမွန်နေသော အခြေအနေဟု ဆိုပါသည်။

မြန်မာတိုင်းရင်းဆေးပညာအလိုအရ လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးသည် ထိုသူ၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရအပေါ်တွင် မူတည်နေပါသည်။ မိမိ၏ ကျန်းမာရေးကောင်းမွန်ရေးအတွက် တစ်ဦးတစ်ယောက်တိုင်းမှ

(က) အာဟာရမျှတစွာ စားသုံးရန်

(ခ) သင့်တင့်လျောက်ပတ်သော လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ရန်

(ဂ) သင့်တင့်လျောက်ပတ်စွာ အနားယူရန်

(ဃ) လက်ကို စနစ်တကျ ဆေးကြောခြင်း၊ ရေကောင်းရေသန့် သုံးစွဲခြင်း၊ သန့်ရှင်းသောအစားအစာကို ရွေးချယ်စားသုံးခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း စသော သန့်(၅)သန့်နှင့်အညီ နေထိုင်ရန်

(င) အရက်၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်အပျော်အပါး လိုက်စားခြင်းတို့ကို ရှောင်ကြဉ်ရန်ဟူသော ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည့်၊ ရောဂါဘယများကို ကာကွယ်ပေးနိုင်သည့် ကျန်းမာရေးအမူအကျင့်ကောင်းများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်စွာ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လူတိုင်းလူတိုင်းသည် မှန်ကန်သော ကျန်းမာရေးသတင်းအချက်အလက်များကို လက်လှမ်းမီမီရရှိနိုင်ရန် လွန်စွာအရေးကြီးပါသည်။ ကျန်းမာရေးနှင့်ညီညွတ်စွာ ပြုမူနေထိုင်ရေးတွင် အခြေခံကျသော အချက်ဖြစ်သည့် “အာဟာရမျှတစွာ စားသုံးရန်” နှင့် “ဆီစားသုံးမှု လျှော့ချရန်” ဆိုသည့်အချက်ကို ဤဆောင်းပါးတွင် ဆွေးနွေးတင်ပြလိုပါသည်။

## အာဟာရနှင့် အာဟာရဓာတ်

အာဟာရသည် လူသားတိုင်း၊ သက်ရှိတိုင်း၊ အသက်ရှင်ကျန်းမာရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော လုပ်ငန်းတစ်ခုဖြစ်သည်။ ၎င်းလုပ်ငန်းထဲတွင် အစာစားသောက်ခြင်း၊ ခြေဖျက်ခြင်း၊ အစာကိုစုပ်ယူခြင်း၊ ခန္ဓာကိုယ်အတွက် အသုံးချခြင်းနှင့် မလိုအပ်သော အညစ်အကြေးများကို စွန့်ပစ်ခြင်းတို့ ပါဝင်ပါသည်။ အာဟာရဓာတ်ဆိုသည်မှာ သက်ရှိသတ္တဝါတို့ ခန္ဓာကိုယ် အသက်ရှင်ကျန်းမာရေးအတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများပင်ဖြစ်သည်။ ယင်းဇီဝဓာတုပစ္စည်းများကို အစားအစာများများစားသုံးခြင်းဖြင့် ရယူလေ့ရှိပါသည်။

## အာဟာရမျှတသော အစာ

အသက်အရွယ်၊ ကျား မ အလုပ်အကိုင်အလိုက် လူ၏ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များ၊ အမျိုးအစားစုံလင်စွာ မျှမျှတတပါဝင်သော အစားအစာပင်ဖြစ်သည်။ ၎င်းအစားအစာများသည် ပမာဏအားဖြင့် လုံလောက်ရမည့်အပြင် နေ့စဉ်အာဟာရ




လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အစာများဖြစ်ရမည်။ လူတစ်ဦးချင်းအတွက် ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးအားဖြင့်လည်း လိုက်လျောညီထွေရှိပြီး လက်ခံနိုင်သောအစာဖြစ်ရပါမည်။

## အာဟာရဓာတ် ခြောက်မျိုး

အာဟာရသည် အသွေး၊ အသား၊ အင်အားတို့ကို ဖြစ်စေတတ်သော ဩဇာဓာတ်ဖြစ်သည်။ အစာထဲတွင်ပါဝင်သော ဓာတုပစ္စည်းများလည်း ဖြစ်သည်။ ခန္ဓာကိုယ်တည်ဆောက်ခြင်း၊ အသက်ရှင်ခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မျိုးပွားခြင်းတို့အတွက် အာဟာရဓာတ် အမျိုးမျိုးလိုအပ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ် ခြောက်မျိုးမှာ (က) ကစီဓာတ်၊ (ခ) အဆီဓာတ်၊ (ဂ) အသားဓာတ်၊ (ဃ) သတ္တုဓာတ်၊ (င) ဗီတာမင်ဓာတ်နှင့် (စ) ရေဓာတ်တို့ ဖြစ်ကြသည်။ အာဟာရလိုအပ်ချက်များသည် အသက်အရွယ်၊ ကျား မ၊ လှုပ်ရှားမှု၊ ကျန်းမာရေး အခြေအနေတို့အရ ကွာခြားပါသည်။ အစားအစာများကို ယင်းတို့တွင် ကြွယ်ဝစွာပါဝင်သည့် အာဟာရဓာတ်များ၏ အဓိကအကျိုးပြုမှုပေါ် မူတည်၍ (က) အင်အားဖြစ်စေသောအစာ၊ (ခ) ခန္ဓာကိုယ်ကြီးထွားစေသောအစာ၊ (ဂ) ရောဂါကာကွယ်စေသောအစာ ဟူ၍ အစာအုပ်စု သုံးစု ခွဲခြားနိုင်သည်။

| အစာအုပ်စု | အာဟာရဓာတ် | ကြွယ်ဝသော အစာများ |
|---|---|---|
| အင်အားဖြစ်စေသောအစာ | ကစီဓာတ် | ကောက်နှံများ၊ သစ်ဥသစ်ဖု၊ အချိုစာများ |
| | အဆီဓာတ် | တိရစ္ဆာန်အဆီ၊ သီးနှံဆီအမျိုးမျိုး |
| ခန္ဓာကိုယ်ကြီးထွားစေသော အစာ | အသားဓာတ် | သား၊ ငါး၊ ဥ၊ နို့၊ ပဲအမျိုးမျိုး |
| ရောဂါကာကွယ်စေသော အစာ | သတ္တုဓာတ် | ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ |
| | ဗီတာမင်ဓာတ် | ဟင်းသီးဟင်းရွက်၊သစ်သီးဝလံ |
| | ရေဓာတ် | အရည်အမျိုးမျိုး၊ အရည်ရွှမ်းသည့် အစာများ |

မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အောက်ဖော်ပြပါအတိုင်း လိုက်နာကျင့်သုံးသင့်ပါသည်။

၁။ မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

၂။ အသက်ခြောက်လမှစတင်၍ အာဟာရပြည့်ဝသော ဖြည့်စွက်စာအမျိုးမျိုးကို အသက်အရွယ်အလိုက် စုံလင်အောင် ကျွေးပါ။

၃။ အာဟာရဓာတ်များ စုံလင်မျှတစွာ ရရှိနိုင်စေရန် ဆန်၊ ဂျုံစသည့် ကောက်နှံအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုး စုံလင်အောင် စားပါ။

၄။ ကလေးများနှင့် ပျိုဖော်ဝင်အရွယ်များ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးနိုင်စေရန် ခန္ဓာကိုယ်ကြီးထွားမှုကို အထောက်အကူပြုသည့် အစာများ ပို၍ကျွေးပါ။

၅။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝသော အစာများပိုစားပါ။

၆။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဖောဖောသီသီ စားသုံးပါ။

၇။ အဆီအမျိုးမျိုးကို ဆင်ခြင်၍ စားသုံးပါ။

၈။ မိမိအရပ်အမောင်းအလိုက်ရှိသင့်သည့် ကိုယ်အလေးချိန်ကို ထိန်းထားပါ။

၉။ အငန်ကို ဆင်ခြင်၍ မှီဝဲပါ၊ အိုင်အိုဒင်းဆားကိုသာ စားသုံးပါ။

၁၀။ သန့်ရှင်းလတ်ဆတ်၍ ဘေးဥပဒ်ကင်းသော အစာများကို ရွေးချယ်ဝယ်ယူစားသုံးပါ။

၁၁။ ကျန်းမာရေးကိုအထောက်အကူပြုသောအစားအသောက်ဆိုင်ရာ ယုံကြည်မှုများ၊ ဓလေ့ထုံးစံများ၊ အလေ့အထများကို လိုက်နာကျင့်သုံးပါ။

၁၂။ သက်ကြီးရွယ်အိုဘဝတွင် အာဟာရကြွယ်ဝသည့် အစာများကိုသာ ရွေးချယ်စားသုံးပါ။

၁၃။ ရေကို လုံလောက်အောင်သောက်ပါ၊ အချိုရည်များကို ဆင်ခြင်၍ သောက်သုံးပါ။

၁၄။ အာဟာရပြည့်ဝမျှတပြီး ကျန်းမာစွာ အသက်ရှည်ရေးအတွက် ဆေးလိပ်မသောက်ပါနှင့်၊ ဆေးမငုံပါနှင့်၊ အရက်ကို အလွန်အကျွံ မမှီဝဲပါနှင့်။

လူကြီးတစ်ဦးအတွက် နေ့စဉ်စားသောက်သည့်အခါ အာဟာရဓာတ်များ မျှတစုံလင်စွာပါဝင်အောင် ဂရုစိုက်စားသုံးရပါမည်။ ထမင်းတစ်ပန်းကန်ကို အပိုင်းလေးပိုင်းခွဲပါ၊ လေးပုံတစ်ပုံကို ကစီဓာတ်ပါသောအစာ ဥပမာ- (ထမင်း၊ ခေါက်ဆွဲ)၊ ကျန်လေးပုံတစ်ပုံကို အသားဓာတ်ပါသောအစာများ ဥပမာ- (အသား၊ ငါး၊ ကြက်ဥ)၊ တစ်ဝက်ခန့်ကို အသီးအရွက်များအား စားသုံးပါဟု လမ်းညွှန်ထားသည့် နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းတစ်ပန်းကန်စာ နမူနာအတိုင်း လိုက်နာစားသုံးသင့်ပါသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အစာအာဟာရစားသုံးမှု၊ သင့်တင့်မျှတစွာစားသုံးမှု၊ အာဟာရချို့တဲ့မှုတို့ကို လေ့လာဆန်းစစ်ကြည့်သည့်အခါ မိမိလက်လှမ်းမီသော အစားအစာများကို အာဟာရပြည့်အောင် ရွေးချယ်စားသောက်မှုမရှိခြင်း၊ ဆီ၊ ဆား၊ အချိုတို့ကို လိုအပ်သည်ထက် ပိုမိုစားသုံးနေခြင်းကို တွေ့ရှိရပါသည်။ ထို့အပြင် အာဟာရပြည့်ဝစွာ မစားနိုင်သူများရှိသကဲ့သို့ လွန်ကဲစွာ စားသုံးခြင်း၊ စနစ်တကျမစားသောက်ခြင်းကြောင့် အဝလွန်ခြင်းများလည်း ရှိနေပါသည်။

အထူးသဖြင့် ဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့်ဆီများကို အကြောင်းအမျိုးမျိုးဖြင့် စားသုံးနေခြင်းတို့ကြောင့် မလိုလားအပ်သော၊ မဖြစ်သင့်သော၊ ကာကွယ်၍ရနိုင်သော ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေရပါသည်။

စာမျက်နှာ ၁၁ သို့ ❍

❖ **အသက်အရွယ်၊ ကျား မ အလုပ်အကိုင်အလိုက် လူ၏ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရဓာတ်များ၊ အမျိုးအစားစုံလင်စွာမျှမျှတတပါဝင်သောအစားအစာပင်ဖြစ်သည်။ ၎င်းအစားအစာများသည် ပမာဏအားဖြင့် လုံလောက်ရမည့်အပြင် နေ့စဉ်အာဟာရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သောအစာများဖြစ်ရမည်။ လူတစ်ဦးချင်းအတွက် ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးအားဖြင့်လည်း လိုက်လျောညီထွေရှိပြီး လက်ခံနိုင်သော အစာဖြစ်ရမည်**

❖ **ဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့်ဆီများကို အကြောင်းအမျိုးမျိုးဖြင့် စားသုံးနေခြင်းတို့ကြောင့် မလိုလားအပ်သော၊ မဖြစ်သင့်သော၊ ကာကွယ်၍ ရနိုင်သော ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေရ**

# လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ဆန်၊ ဆီ၊ ပဲနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်

လှိုင်ကော် အောက်တိုဘာ ၁၉

ကယားပြည်နယ်အစိုးရအဖွဲ့က လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများကို ထောက်ပံ့မှုများ အမြဲမပြတ်စီမံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် အခြေခံပညာကျောင်း ခုနစ်ကျောင်းအတွက် ရုံးသုံးပစ္စည်းများ၊ လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ဆန်၊ ဆီ၊ ပဲနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှိုင်ကော်မြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၊ အခြေခံပညာကျောင်း ခုနစ်ကျောင်းအတွက် ရုံးသုံးပစ္စည်းများ၊ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြရာ သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယနေ့ထောက်ပံ့ခြင်းသည် သတ္တမအကြိမ်မြောက်ဖြစ်ပြီး လှိုင်ကော်မြို့ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် အခြေခံပညာကျောင်း ခုနစ်ကျောင်းအတွက် လိုအပ်သော ရုံးသုံးကိရိယာများနှင့် အထောက်အကူပြုပစ္စည်းများ၊ ဝန်ထမ်း ၆၃၂ ဦးအတွက် ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ပဲ စုစုပေါင်းငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၁၁၅ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မေယုလမ်း မြေသားပြုပြင်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက်အတွင်းရှိ အိလက်ရာအသင့်စားဖွယ်စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းခွင်နှင့် ရွှေအင်ကြင်းရပ်ကွက်အတွင်းရှိ ဒေသထွက်ကုန်ကြမ်းမှ အဆင့်မြင့်စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေသည့် လင်းစိန်ဆီစက်နှင့် ဆီထုပ်ပိုးမှုလုပ်ငန်းခွင်တို့သို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသထွက်ကုန်ကြမ်းများကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ဒေသတွင်းသာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ကြရန်၊ နေပြည်တော်အတွင်း အလားတူလုပ်ငန်းများ တွင်ကျယ်စွာဆောင်ရွက်ရေး အားပေးဆောင်ရွက်ရန်၊ ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျီးသဲလေးထပ် ပညာရေးစင်တာကျောင်းတိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဒေါက်တာ အရှင်စန္ဒာဝရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧကနှစ်သိန်းကျော် လျာထားစိုက်ပျိုးမည်

ကန့်ဘလူ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာနှင့် ပန်းနှမ်း စသည့်သီးနှံမျိုးစုံ ဧကနှစ်သိန်းကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၄၄ ဧကနှင့် ပန်းနှမ်း ၅၅၅၈ ဧက စုစုပေါင်း ၂၀၁၁၄၉ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အောင်မြင်အောင် အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

■

❍ စာမျက်နှာ ၁၀ မှ

**အဆီအမျိုးမျိုးကို ဆင်ခြင်၍ စားသုံးပါ။**

- ဆီသည်အင်အားကိုဖြစ်စေ၏။ ဗီတာမင်အေကဲ့သို့ ဆီ၌သာ ပျော်ဝင်သောဗီတာမင်တို့ကို အစာလမ်းကြောင်းမှ စုပ်ယူနိုင်ရန်အတွက် အစာစားသည့်အခါ ဆီကိုထည့်သွင်းစားသုံးရန် လိုပါသည်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ် (Essential Fatty Acid) ရရှိရန် ဆီကိုစားသုံးရပါမည်။ ဆီသည် နူတ်ကိုမြိန်စေသည်။ တစ်ကြိမ်တည်းနှင့် အစာများများမစားနိုင်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များသည် လိုအပ်သည့် ကယ်လိုရီအပြည့်အဝရရှိစေရန် ဆီကိုလုံလောက်အောင် စားရန် အရေးကြီးပါသည်။
- ထို့ကြောင့် ဆီကို အသက်အရွယ်အလိုက် စားသင့်သလောက် စားရမည်သာဖြစ်၏။ သို့သော် ဆီစားသုံးရာတွင် ဆင်ခြင်တတ်ရန် အရေးကြီးပါသည်။

**အဆီများသော အစားအစာများနှင့် အဆီအမျိုးမျိုးကို ဘာကြောင့် ဆင်ခြင်၍ စားသုံးသင့်သလဲ။**

- ဆီအစားများသဖြင့် ကယ်လိုရီရရှိမှုသည် လိုအပ်သည်ထက် ပိုနေပါက ခန္ဓာကိုယ်၌ အဆီများစုမိပြီး ဝဖြိုးလာနိုင်သည်။
- ခန္ဓာကိုယ်၌ အဆီများစုမိပြီး အဝလွန်လာလျှင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သည်းခြေရောဂါ၊ အဆစ်ရောင်ရောဂါများနှင့် ကင်ဆာရောဂါ (အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အသည်းအဆီဖုံးရောဂါစသော မကူးစက်နိုင်သောရောဂါများ) ဖြစ်ပွားနိုင်သည့် အန္တရာယ်ပိုများလာသည်။

**အဆီအမျိုးမျိုးကို ဘယ်လိုဆင်ခြင်ပြီးစားသုံးကြမလဲ။**

- နို့၊ မလိုင်၊ ထောပတ် စသည့်တိရစ္ဆာန်ထွက်အဆီများတွင် ပြည့်ဝသော ဖက်တီးအက်စစ် (Saturated Fatty acids)များ ကြွယ်ဝသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်ပို၍ များစေပါသည်။ ထိုအဆီများကို ဆင်ခြင်၍ စားသုံးရမည်။
- ဆိတ်သား၊ အမဲသား၊ ကြက်၊ ဘဲ၏အရေပြား စသည်တို့တွင် မျက်စိဖြင့် အလွယ်တကူမမြင်နိုင်သော အဆီများပါရှိနေသည်။ တတ်နိုင်သ၍ လျှော့၍ စားသုံးပါ။
- ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ စသည့် အပင်ထွက်ဟင်းချက်ဆီများတွင် မပြည့်ဝသော ဖက်တီးအက်စစ် (Unsaturated Fatty acids)များ ကြွယ်ဝသဖြင့် အသင့်အတင့် စားသုံးနိုင်ပါသည်။
- အစားအစာများကို ဆီနှင့်ကြော်၍မစားဘဲ ပြုတ်၍စားခြင်း၊ မီးကင်မီးဖုတ်၍ စားခြင်း၊ နို့ကို မလိုင်ထုတ်ပြီးမှ သောက်သုံးခြင်းတို့သည် ဆီကိုဆင်ခြင်၍ စားသည့်နည်းများ ဖြစ်ကြပါသည်။

**ကိုလက်စထရောအဆီခဲတတ် (Cholesterol)**

- ကိုလက်စထရောအဆီခဲတတ်ကို အစားအသောက်များမှ အဓိက ရရှိသည်။ မလုံလောက်လျှင် ခန္ဓာကိုယ်က ထုတ်လုပ်နိုင်သည်။
- သွေးထဲတွင် မကောင်းသော ကိုလက်စထရောအဆီခဲတတ်အမျိုးအစားအချိုး များလွန်းပါက သွေးကြောများ ကျဉ်းတတ်သည်။ ပိတ်ဆို့တတ်သည်။
- ကြက်ဥ၊ ထောပတ်၊ အသည်း၊ ကျောက်ကပ် စသည့် တိရစ္ဆာန်ထွက် အစာများသည် ကိုလက်စထရော ကြွယ်ဝကြသည်။
- ပြည့်ဝဆီများ (ဝက်ဆီ၊ အမဲဆီ၊ မလိုင်၊ ထောပတ်) စားခြင်းက သွေးအတွင်း၌ ကိုလက်စထရောပမာဏကို မြင့်စေသည့်အတွက် ပြည့်ဝဆီများစားသုံးခြင်းကို အဓိကထား၍ ရှောင်ကြဉ်ရမည်။ ကိုလက်စထရော ကြွယ်ဝသည့်အစာများကို ဆင်ခြင်စားသုံးသင့်ပါသည်။

ဆီစားသုံးမှုကို လျှော့ချ၍ အာဟာရမျှတအောင် စားသုံးခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် မိမိကိုယ်တိုင်သည်သာ တာဝန်အရှိဆုံးဟု စိတ်ပိုင်းဖြတ်၍ ပြည်သူအားလုံး ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်တတ်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**


(၁) အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရလက်စွဲ (ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၁၃ ခုနှစ်)

(၂) လူတိုင်းအိမ်တိုင်းဆောင်ထား ကျန်းမာရေးအသိပညာများ (ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၂၄ ခုနှစ်)

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(၁၄-၁၀-၂၀၁၄ ရက်နေ့မှအဆက်)

ဗ

ဗသည်မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပေ။ သို့ရာတွင် မြန်မာစာပေ၌ ဗ ဗျည်းအက္ခရာဖြင့် ရေးသားသုံးနှုန်းနေကြသော ဝေါဟာရများကို တွေ့မြင်နေရပါသည်။ ဤသို့တွေ့နေရသည်မှာ ဗတွင်အနက်၊ အဓိပ္ပာယ် ရှိနေခြင်းကြောင့်မဟုတ်။ ဗ အရေးအားလုံးသည် အသံပြောင်းရေးသော အသံစွဲအရေးသော်လည်းကောင်း၊ မွေးစားဝေါဟာရသော်လည်း ကောင်းဖြစ်သည်ကို တွေ့ရပါမည်။

**သာဓက။ ။**

**ဗလိနတ်စာ**၊ န- နတ်ပူဇော်ရန် စားဖွယ်။ [ပါ၊ ဗလိ + နာထ + မြန်၊ စားဖွယ်]

**ဗဟုသုတ**၊ န - များပြားသော အကြားအမြင် အတွေ့အကြုံ။ [ပါ၊ ဗဟုဿုတ]

**ဗာဒံ**၊ န - အကိုင်းအခက် ဘေးပတ်လည်တည့်တည့် ဖြာထွက်သည့် အစေ့အဆန်ကိုစားရသော ရွက်ကြွေပင်စောက်တစ်မျိုး။[သ၊ ဝါတမ္ဗ]

**ဗာဟီရကိစ္စ**၊ န - အမည်မတပ်သာသော ကိစ္စအထွေထွေ။ [ပါ၊ ဗာဟိရ + ကိစ္စ]

**ဗိမာန်**၊ န - မွန်မြတ်သော အဆောက်အအုံ။ [ပါ၊ ဝိမာန]

**ဗေဒင်**၊ န - ၁၊ ဝေဒ၏အစိတ်အပိုင်းဖြစ်သော ကျမ်းခြောက်မျိုး။ ၂၊ မွေးသက္ကရာဇ် စသည်ကို အခြေခံ၍ ကောင်းကျိုးဆိုးပြစ်ကို တွက်ချက်ဟောပြောသောပညာ။ [ပါ၊ ဝေဒင်္ဂ]

**ဗောင်းတော်**၊ န - ဘုရင်၊ နတ် စသည်တို့၏ ခေါင်းပေါင်းတစ်မျိုး။ [ မြန်၊ ပေါင်းတော်]

**ဗုဒ္ဓဝင်**၊ န - မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်။ [ပါ၊ ဗုဒ္ဓဝံသ]

**ဗြဲတိုက်**၊ န - ၁၊ လူပျိုတော်သားတို့ ခစားရသည့် အဆောင်။ ၂၊ မြန်မာမင်းလက်ထက် အတွင်းဝန်လေးယောက် စသည်တို့ အမှုထမ်းရွက်ရာဖြစ်သော အတွင်းရုံး။ [မွန်၊ ဗြာ + မြန်၊ တိုက်]

**ဗြက်**၊ န- မျက်နှာပြင်အနံ။ [ မြန်၊ ပြက်]

**ဗွက်**၊ န- မြေပြင်တွင် ရေဝပ်သဖြင့် ဖြစ်ပေါ်သော မြေပျော့။ [ မြန်၊ ပွက်]

ဘ

ဘ သည် မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပေ။ သို့ရာတွင် မြန်မာစာပေတွင် ဘဖြင့် ရေးသားသုံးနှုန်းနေကြသော ဝေါဟာရများကို တွေ့ရပါမည်။ ဘ သည် မြန်မာဘာသာတွင် ပင်ကိုအားဖြင့် အနက်၊ အဓိပ္ပာယ် မရှိသော်လည်း အသံလှယ်၍သုံးသော အသံစွဲဝေါဟာရများနှင့် မွေးစားဝေါဟာရများအတွက် အသုံးပြုရေးသားရာတွင် အသုံးဝင်နေပါသည်။

**သာဓက။ ။**

**ဘကြီး**၊ န- ဖခင်၏အစ်ကို။ [ မြန်၊ ဖကြီး (အနက်စွဲအရေး ဖ၊ အသံစွဲအရေး ဘ)]

**ဘနန်း**၊ စည်း- လုနီးပါး။ [ မြန်၊ ဖွယ်နန်း]

**ဘရာစီယာ**၊ န- အမျိုးသမီးများဝတ်သည့် အတွင်းခံရင်စည်း။ [ပြင်သစ်၊ brassiere ]

**ဘရိတ်အုပ်**၊ ကြိ - ၁၊ဘရိတ်ဖြင့်အရှိန်ကိုသတ်သည်။ ၂၊ [ဥပစာ] ပြောဆိုပြုလုပ်နေသည့် အရှိန်ကို ရုတ်တရက်ထိန်းချုပ်သည်။ [လိပ်၊ brake + မြန်၊ အုပ်]

**ဘဝဂ်**၊ န - ၃၁ဘုံတွင် အထက်ဆုံးဘုံ။ (နေဝသညာနာသညာယတနဘုံ။)[ပါ၊ ဘဝဂ္ဂ]

**ဘာဂျာ**၊ န - ၁၊ ပါးစပ်ဖြင့် မှုတ်ရသော သံစုံထွက်တူရိယာ တစ်မျိုး။ ၂၊ လက်နှိပ်ခလုတ်များကိုနှိပ်၍ သံစုံမြည်စေသော တူရိယာတစ်မျိုး။ [ဟိန္ဒီ၊ ဗာဇာ]

**ဘိသိက်**၊ န- ရေစင်သွန်း၍ မင်္ဂလာပြုခြင်း။ [ပါ၊ အဘိသေက]

**ဘူမိနက်သန်**၊ န- မြေကြန်လက္ခဏာ ညီညွတ်သော အောင်မြေ။ [သ၊ ဘူမိလက္ခဏ]

**ဘူးတောင်း**၊ န - အများအားဖြင့် ရေထည့်ဆောင်လေ့ရှိသော ဘူးခါးသီးခြောက်အခွံ။ [ မြန်၊ ဖူးတောင်း]

**ဘွဲ့**၊ န - ၁၊ထူးခြားပြောင်မြောက်သော စွမ်းဆောင်မှုအတွက် ဂုဏ်ပြုချီးမြှင့်သော အမည်အရည်တံဆိပ်။ ၂၊ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့၏အမည်။ ၃၊ သတ်မှတ်ထားသော တက္ကသိုလ်ပညာရည်အဆင့်တစ်ခုခုကို အောင်မြင်သူအား ချီးမြှင့်သော အမည်အရည်။ [ မြန်၊ ဖွဲ့]

မ

မ၏အနက်လည်း "ပေါင်းစည်းခြင်း" ပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် မ ကို ကြိယာအနက်၊ နာမဝိသေသနအနက် နှစ်မျိုးတို့ကိုအခြေပြု၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ ကြိယာအဖြစ်ပြထားသည်မှာ "မ၊ ကြိ- ၁၊ ချီပင့်သည်။ ၂၊ ထောက်ပံ့သည်။ ကူညီချီးမြှောက်သည်။ ၃၊ ထိန်းသိမ်းဆောင်ယူသည်" "ဆိတ်အုပ်ကိုမသည်" ဟူ၍ ဖြစ်ပါသည်။

ဤတွင် ချီပင့်သည် ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ထိတွေ့ပင့်ချီမြှောက်တင်သည့်သဘောဖြစ်သည်။ ပစ္စည်းတစ်ခုခုကို လက်စသည့် တစ်စုံတစ်ရာဖြင့် ပင့်ချီမြှောက်တင်သည်ဟု ဆိုလိုသည်။ ထိတွေ့သည့် အနက်၊ ဆက်စပ်သည့်အနက်၊ ပေါင်းစည်းသည့်အနက်ကို အခြေခံပါသည်။ လူအားဖြင့်လည်း မ နိုင်ပါသည်။ စက်အားဖြင့်လည်း မ နိုင်ပါသည်။ မူလတည်နေရာမှ မြောက်ကြွအောင်ပြုသည့် သဘောဖြစ်ပါသည်။ တစ်စုံတစ်ရာသောအားနှင့် ဆက်စပ်ပေါင်းစည်းမှ မ သည့်ကိစ္စ၊ ချီပင့်သည့်ကိစ္စ ပြီးမြောက်နိုင်ပါသည်။

ထောက်ပံ့သည်၏အဓိပ္ပာယ်မှာ လူတစ်ဦးတစ်ယောက် အသင်းအဖွဲ့တစ်ခုခု စသည်ကို မြှောက်ပေး၊ ပင့်ပေးသည့်သဘောဖြစ်သည်။ နိမ့်ကျနေ၍ဖြစ်စေ၊ လိုအပ်၍ဖြစ်စေ ပံ့ပိုးမြှောက်ပင့်သည့်သဘောဖြစ်သည်။ မြင့်အောင်၊ မြောက်အောင်ပြုခြင်း ဖြစ်သဖြင့် မ သည်ဟုဆိုသည်။ လိုအပ်သည်ကို ထောက်ပံ့ပေးသဖြင့်လည်း ကူညီသည်ဟု ဆိုရသည်။ ချီသည်၊ ပင့်သည်၊ မြှောက်သည် စသည်ကိုလည်း မ ကဲ့သို့ပင် ပေါင်းစည်းအနက်ဖြစ်သည်။

ဆိတ်အုပ်ကြီးကို မ သွားသည်ဟုဆိုရာတွင် ဆိတ်အုပ်ကို တကယ် ချီမသွားခြင်း မဟုတ်သော်လည်း ပွေ့ချီမယူသွားဘိသကဲ့သို့ ထိန်းထိန်းသိမ်းသိမ်းဆောင်ယူသွားသည့် အဓိပ္ပာယ်ဖြစ်သည်။ တကယ်ချီမပွေ့ယူ သွားသကဲ့သို့ မြင်ယောင်စေသည်။ ပွေ့ပိုက်ပေါင်းစည်းသည့် သဘောဖြစ်သည်။ ဤသည်တို့မှာ မ ၏ ကြိယာအနက်များဖြစ်သည်။

မ တွင် ဂုဏ်ရည်အနက်လည်းရှိသည်။ နာမဝိသေသနဟုခေါ်သည်။ မြန်မာအဘိဓာန်တွင် မ ၏ နာမဝိသေသနအနက်ကို မ၊ နဝိ-၁၊ အရင်းမူလဖြစ်သော။ "အိမ်မ" ၂၊ ကြီးသော။ "လမ်းမ" ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။

ဤတွင် အိမ်မ ဆိုသည်မှာ အရင်းမူလဖြစ်သော အိမ်ဟုအဓိပ္ပာယ်ရပါသည်။ အရင်းမူလဟုဆိုသဖြင့် အဆွယ်အပွားအဆောင်များနှင့် ပေါင်းစည်းဆက်စပ်လျက်ရှိသည်ကို သိစေပါသည်။ "မ" တွင် ပေါင်းစည်းခြင်းအနက်ရှိပါသည်။ တစ်ဖန် လမ်းမဟူသော အသုံးမျိုးလည်းရှိပါသည်။ လမ်းမမှ မ၏ အနက်သည် အရင်းမူလပဓာနကျသော အနက်ရှိရုံမျှမက ကြီးမားသောဟူသည့် အနက်လည်းရှိပါသည်။ ကြီးမားခြင်းနှင့် အရင်းမူလဖြစ်ခြင်းတို့သည်လည်း အပြန်အလှန်အားဖြင့် အနက်ဆက်နွှယ်နေပါသည်။ ကြီးမားခြင်းသည် အရင်းမူလဖြစ်ခြင်းကို ဖြစ်စေ၍ အရင်းမူလဖြစ်ခြင်းသည် ကြီးမားခြင်းကို ဖြစ်စေပါသည်။ ဤတွင် ကြီးမားခြင်းသည် ပေါင်းစည်းခြင်းပင်ဖြစ်သည်။ ပေါင်းစည်းခြင်းသည် များပြားခြင်း၊ ကြီးမားခြင်း၊ မြင့်မားခြင်း၊ နက်ရှိုင်းခြင်း၊ ရှည်လျားခြင်းတို့ကို ဖြစ်စေပါသည်။ တစ်လက်မ စတုရန်းရှိ အန်စာတုံးတစ်တုံးကို နှိုင်းယှဉ်ခြင်းအားဖြင့် ကြီးသည်ဟုလည်းကောင်း၊ သေးငယ်သည်ဟုလည်းကောင်း ဆိုနိုင်ပါသည်။ တစ်ခုတည်းဖြစ်ခြင်းကြောင့် နည်းသည်၊ သေးသည် ဟု ဆိုပါစို့။ တစ်လက်မ အန်စာတုံးတစ်သောင်းကို စုပုံပေါင်းစည်းလိုက်လျှင် များသည်ဟု ဆိုကြပေမည်။ ထိုတစ်လက်မ အန်စာတုံးတစ်သောင်းကိုပင် စနစ်တကျ ဆက်စပ်၍ လက်မတစ်ရာ စတုရန်းရှိ အန်စာတုံးအဖြစ် ပေါင်းစည်းလိုက်လျှင် ကြီးသည်ဟုဆိုကြမည်။ ထိုအန်စာတုံးတစ်သောင်းကိုပင် ဒေါင်လိုက် ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်းမြင့်သည်ဟု ဆိုကြပေမည်။ အောက်ဘက်သို့ ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်းနက်၍ အလျားလိုက် ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်း ရှည်လျားသည်ဟု ဆိုကြပေမည်။ သဘောတရားများခြင်း၊ ကြီးခြင်း၊ မြင့်ခြင်း၊ နိမ့်ခြင်း၊ ရှည်ခြင်းတို့သည် အတူတူပင်ဖြစ်သည်ဟု ဆိုရမည်။

(ဆက်လက်ဖော်ပြပါမည်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဇလွန်မြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့အတွင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းနေမှုများ ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့အတွင်း၌ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ မိုးစပါးစံကွက်ရိတ်သိမ်းနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇလွန်မြို့နယ် သရက်ကုန်းကျေးရွာရှိ တောင်သူဦးသန့်ဇော်ဦး၏ စိုက်ကေ ခြောက်ကေတွင် မျိုးစေ့ချကိရိယာအသုံးပြု၍ အတန်းလိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးသည့် YSR-1 စပါးမျိုးအား ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ်များ လျော့နည်းစေရေးနှင့် တစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေး ရည်မှန်းချက်ထားကာ မျိုးစေ့ချကိရိယာများ၊ လက်ဆွဲကောက်စိုက်စက်များအသုံးပြု၍ စိုက်ပျိုးခြင်းများကို ယခုနှစ်မိုးစပါးစိုက်ရာသီတွင်



ဆောင်ရွက်စိုက်ပျိုးခဲ့ရာ သမားရိုးကျကြဲခင်းစနစ် စိုက်ပျိုးခြင်းထက် အထွက်နှုန်းများ သိသာစွာ တိုးတက်ထွက်ရှိခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇလွန်မြို့နယ် မင်းဒရယ်ကျေးရွာရှိ တောင်သူဦးကျော်ဆန်းအေး၏ မိုးစပါးစိုက်ကေ ခုနစ်ကေတွင် စိုက်ခင်းရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်မှုအပေါ် သွင်းအားစုထည့်သွင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟင်္သာတမြို့နယ် လက်ပံကုန်းကျေးရွာရှိ တောင်သူဒေါ်ညိုညိုဆန်း၏ စိုက်ကေ လေးကေတွင် ပျိုးထောင်စနစ်ဖြင့်စိုက်ပျိုးသည့် ရွှေရောစပါးမျိုး စံကွက်ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး သီးထပ်စွမ်းအား တိုးတက်မြင့်မားရေးအတွက် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာများကို တိုးချဲ့စိုက်ပျိုးကြရန် မှာကြားခဲ့သည်။

တိုင်းဒေသကြီးအတွင်း စပါးများရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှုများ နည်းပါးစေရေးအတွက် စပါးရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်နည်းသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သဖြင့် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်သူများမှာ စနစ်တကျမောင်းနှင်တတ်ခြင်း၊ စက်ပိုင်းဆိုင်ရာများကို ကောင်းမွန်စွာနားလည်သိရှိခြင်းတို့ကြောင့် လေလွင့်ဆုံးရှုံးမှုများ နည်းပါးခဲ့ပြီး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်နည်းသင်တန်းများကိုလည်း ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အိမ်နီးချင်းနိုင်ငံများကို တိုက်ခိုက်ရန် အီရတ်လေပိုင်နက် အသုံးပြုခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖူရတ်ဟူစိန်သည် အရှေ့အလယ်ပိုင်းဒေသ၌ ပဋိပက္ခများကြီးထွားလာမည့်အရေးကို ကာကွယ်သည့်အနေဖြင့် အိမ်နီးချင်းနိုင်ငံများကို တိုက်ခိုက်ရန် အီရတ်လေပိုင်နက် အသုံးပြုခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း ပြောကြားသည်။

လက်ဘနွန်နိုင်ငံအပေါ် အစ္စရေး၏ ရန်စမှုများသည် နောက်ထပ်စစ်ပွဲတစ်ခု ဖြစ်ပွားလာစေနိုင်ကြောင်း ဘဂ္ဂဒက်မြို့၌ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖူရတ်ဟူစိန်က သတိပေးပြောကြားပြီး အီရတ်သည် ဒေသတွင်း ပဋိပက္ခမှကင်းဝေးစေရန် ရည်ရွယ်ကြောင်းလည်း ပြောကြားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရာချီ တက်ရောက်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် အီရတ်လေပိုင်နက်ကို အသုံးပြုခြင်းသည် လုံးဝလက်ခံနိုင်စရာမရှိကြောင်းနှင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားပါက ကမ္ဘာလုံးဆိုင်ရာ ရေကြောင်းသွားလာမှုကို ဆိုးရွားစွာ ထိခိုက်စေပြီး ကမ္ဘာတစ်ဝန်း၌ စွမ်းအင်အကျပ်အတည်းကို ဖြစ်စေနိုင်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖူရတ်ဟူစိန်က သတိပေးပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ပွဲများ အရှိန်မြင့်လာသည့်အပေါ် အစ္စရေးကို ပြစ်တင်ပြောကြားပြီး အစ္စရေး၏လုပ်ရပ်များသည် ဒေသတွင်း၌ ဂယက်ရိုက်နိုင်သည့်အပြင် အခြားနိုင်ငံများကိုလည်း အန္တရာယ်ဖြစ်စေနိုင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရာချီကလည်း ပြောကြားသည်။

ထို့ပြင် အီရန်နိုင်ငံသည် စစ်မက်ဖြစ်ပွားမှုကို မကြောက်ရွံ့သော်လည်း လိုလားမှုမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရာချီသည် အောက်တိုဘာ ၁၄ ရက်တွင် ဘဂ္ဂဒက်မြို့သို့ တရားဝင်အလည်အပတ်ရောက်ရှိခဲ့ပြီး အီရတ်သမ္မတ အဗ္ဗဒူလာတစ်ဖ်ရာရှစ်ဒ်နှင့် ဝန်ကြီးချုပ် မိုဟာမက် ရှီရာအယ်ဆူဒါနီတို့နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# ဟားမတ်စ်ခေါင်းဆောင် ယာ့ရာဆင်းဝါ သေဆုံးကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား

**ဂျေရုဆလင် အောက်တိုဘာ ၁၉**

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုသည်ဟားမတ်စ်ခေါင်းဆောင် ယာ့ရာဆင်းဝါ သေဆုံးကြောင်း အောက်တိုဘာ ၁၇ ရက်က အတည်ပြုပြောကြားသည်။


ဟားမတ်စ်ခေါင်းဆောင် ယာ့ရာဆင်းဝါသည် လွန်ခဲ့သည့် တစ်နှစ်ခန့်က အစ္စရေးပြည်သူများအပေါ် တိုက်ခိုက်မှုများဆောင်ရွက်ရာတွင် အဓိကပါဝင်ခဲ့သည့် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း နေတန်ယာဟုက ပြောကြားသည်။

"ကျွန်ုပ်တို့၏ နိုင်ငံသမိုင်းတွင် အစ္စရေးလူမျိုးထောင်ပေါင်းများစွာကို သတ်ဖြတ်ပြီး ရာနှင့်ချီသော ပြည်သူများကို ပြန်ပေးဆွဲခဲ့သူကို ယနေ့တွင် ကျွန်ုပ်တို့၏ သူရဲကောင်းစစ်သည်များက ဖယ်ရှားပစ်ခဲ့သည်" ဟု နေတန်ယာဟုက ပြောကြားသည်။

ဇူလိုင်လတွင် အီရန်နိုင်ငံ၌ ဟားမတ်စ်ခေါင်းဆောင် ဟောင်း အစ်မေးဟာနီရာ့ လုပ်ကြံသတ်ဖြတ်ခံရပြီးနောက် ယာ့ရာဆင်းဝါသည် ဟားမတ်စ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ အောက်တိုဘာ ၁၇ ရက်တွင် ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့၌ စစ်ဆင်ရေးတစ်ခုအတွင်း ယာ့ရာဆင်းဝါနှင့် အခြားစစ်သွေးကြွနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

DNA စစ်ဆေးမှုများ၊ လက်ဗွေရာများနှင့် သွားဘက်ဆိုင်ရာမှတ်တမ်းများအရ ၎င်း၏ အထောက်အထားကို အတည်ပြုခဲ့သည်။ ယာ့ရာဆင်းဝါသည် လတ်တလော အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများအတွက် တာဝန်ရှိကြောင်းလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားသည်။

**ကိုးကား-အင်န်အီတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**





# မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်း၌ မောင်းသူမဲ့လေယာဉ် ဒရုန်းတစ်စင်း၏ အပိုင်းအစများ ရှာဖွေတွေ့ရှိ

**ပြုံယမ်း အောက်တိုဘာ ၁၉**

မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်း၌ မောင်းသူမဲ့လေယာဉ် ဒရုန်းတစ်စင်း၏ အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် စုံစမ်းစစ်ဆေးမှု ရလဒ်များအရ အဆိုပါဒရုန်းသည် တောင်ကိုရီးယားတပ်မတော်ပိုင် ဒရုန်းအမျိုးအစားနှင့်တူညီကြောင်း မြောက်ကိုရီးယားတပ်မတော်က ယနေ့ ထုတ်ဖော်ပြောကြားသည်။

**သတင်းဖော်ပြ**

အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကားပြီး မြောက်ကိုရီးယား အာဏာရ အလုပ်သမားပါတီ သတင်းစာ Rodong Sinmun က အောက်တိုဘာ ၁၉ ရက်တွင် သတင်းဖော်ပြသည်။

ယခုလအစောပိုင်းက မြို့တော်ပြုံယမ်း၌ ဝါဒဖြန့်စာရွက်များကို ဖြန့်ကြဲရန် တောင်ကိုရီးယားမှ ဒရုန်းများ ပျံသန်းခဲ့သည်ဟု မြောက်ကိုရီးယားက စွပ်စွဲခဲ့သည်။

အောက်တိုဘာ ၁၃ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည့် အဆိုပါဒရုန်းသည် အောက်တိုဘာ ၁ ရက်တွင် ကျင်းပသော တောင်ကိုရီးယား စစ်ရေးပြအခမ်းအနားတွင် ပြသခဲ့သည့် ကင်းထောက်ဒရုန်းအမျိုးအစားနှင့် ပုံစံဆင်တူကြောင်း မြောက်ကိုရီးယား ကျွမ်းကျင်သူများက ပြောကြားသည်။

စာရွက်စာတမ်းများ ကြဲဖြန့်သည့်သေတ္တာကို ဒရုန်း၏ အောက်ဘက်တွင် တွေ့ရှိရကြောင်းနှင့်ပြုံယမ်းတွင်လက်ကမ်းစာစောင်များ ဖြန့်ကြဲခဲ့ပြီးဖြစ်ကြောင်း မြောက်ကိုရီးယား ကျွမ်းကျင်သူများက ဆက်လက်ပြောကြားသည်။

စုံစမ်းစစ်ဆေးမှုများကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား ပိုင်နက်နယ်မြေကို တောင်ကိုရီးယားတပ်မတော်က ချိုးဖောက်ဝင်ရောက်မှုနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ထပ်မံစစ်ဆေးတွေ့ရှိပါက ၎င်းကို "စစ်ကြေညာခြင်း" အဖြစ်မှတ်ယူကာ ချက်ချင်းလက်တုံ့ပြန် တိုက်ခိုက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားတပ်မတော်၏ ပြောရေးဆိုခွင့်ရှိသူကသတိပေးပြောကြားကြောင်း သိရသည်။

**ကိုးကား-အင်န်အီတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဂါဇာကမ်းမြောင် မြောက်ပိုင်းဒေသ၌ စားသောက်ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်

**ဂါဇာစီးတီး အောက်တိုဘာ ၁၉**

ဂါဇာကမ်းမြောင် မြောက်ပိုင်းဒေသ၌ စားသောက်ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်လျက်ရှိသည့်အတွက် အခြေခံအကျဆုံး ပစ္စည်းများကိုပင် မဝယ်ယူနိုင်ဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများဖြင့် အသက်ရှင်နေထိုင်ရကြောင်း ဒေသခံများက ပြောသည်။

ဂါဇာမြို့တော်ရှိ လမ်းဘေးဆိုင်များတွင် စည်သွတ်အစားအစာများ၊ ခေါက်ဆွဲနှင့် စားသုံးဆီများ ရောင်းချလျက်ရှိသော်လည်း ဒေသခံများအနေဖြင့် ဝယ်ယူရန်မတတ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ခရမ်းချဉ်သီး တစ်ကီလိုလျှင် တောင်ပိုင်းတွင် ၁၂ ဒေါ်လာဖြင့် ရောင်းချလျက်ရှိသော်လည်း မြောက်ပိုင်းဒေသ၌ ဒေါ်လာ ၁၈၀ ဖြင့် အရောင်းအဝယ်ပြုလုပ်နေရကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၁၁၀၀ ရှိလာ

**အဒစ်အာဘာဘာ အောက်တိုဘာ ၁၉**

ယခုနှစ်တွင် အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၁၁၀၀ ရှိလာပြီး ရောဂါကူးစက်ခံရသူ ၈၁၁၃ ဦး ရှိလာကြောင်း အာဖရိကဒေသ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

**ပြီးခဲ့သည့် သီတင်းပတ်အတွင်း သေဆုံးသူ ၅၀ ရှိ**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အာဖရိကဒေသ၌ ရောဂါကူးစက်ခံရသူ ၃၀၅၁ ဦးရှိပြီး သေဆုံးသူ ၅၀ ရှိကြောင်း အာဖရိကဒေသ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ ညွှန်ကြားရေးမှူးချုပ် ဂျန်းစ်ကာဆီယာက ပြောကြားသည်။ ဒေသတွင်းရှိ ဇမ်ဘီယာ၊ ဇင်ဘာဘွေ၊ ယူဂန္ဒာနှင့် ဂါနာနိုင်ငံတို့တွင် မျောက်ကျောက်ရောဂါကူးစက်မှုများတွေ့ရှိရပြီး ကင်ညာနိုင်ငံတွင် မျောက်ကျောက်ရောဂါဖြင့် သေဆုံးသူကို စတင်တွေ့ရှိရကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ယခုနှစ်အစပိုင်းမှစတင်၍ အာဖရိကဒေသ ၁၈ နိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်မှုများကို တွေ့ရှိရကြောင်း အာဖရိကဒေသ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အေဂျင်စီက ပြောကြားသည်။ ဗဟိုအာဖရိကဒေသတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ အများဆုံးဖြစ်ကာ ရောဂါကူးစက်မှုများ၏ ၈၆ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

မျောက်ကျောက်ရောဂါကူးစက်မှုအား ၁၉၅၈ ခုနှစ်တွင် ဓာတ်ခွဲခန်း၌ မွေးမြူထားသည့် မျောက်များတွင် စတင်တွေ့ရှိခဲ့သည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့်သူ၏ ခန္ဓာကိုယ်မှထွက်ရှိသည့် အရည်များနှင့် ထိတွေ့ရာမှ မျောက်ကျောက်ရောဂါ ကူးစက်နိုင်ပြီး ကိုယ်အပူချိန်မြင့်မားခြင်း၊ ကိုယ်ခန္ဓာတွင် အရည်ကြည်ဖုများထွက်ခြင်းနှင့် ပြွန်ရည်ကျိတ်များရောင်ရမ်းခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၄၂၈၄၇)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် လက်ဝတ်ရတနာပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၁၂၀၀)ကို လည်းကောင်း **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၄၄၀၄၇)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ် အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်း စစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မြိုင်ကလေးသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြ



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Daihatsu Hijet တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၂၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အောက်တိုဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၂၄၉ တန်၊ သစ်မာ ၄ ဒသမ ၆၆၀ တန်၊ အခြားသစ် ၃ ဒသမ ၅၁၁ တန် **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၆၃၈၇ )**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၀၄၃၄)ကို သိမ်းဆည်းရမိခဲ့ပါသည်။ ယနေ့သိမ်းဆည်းရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရ၍ သုံးစွဲသူပြည်သူများအတွက် ဘေးအန္တရာယ်ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်ခြင်းနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းအုပ်စု ဂုဏ်မင်းအင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း အုပ်စု ဂုဏ်မင်းအင်းကျေးရွာတွင် ယမန်နေ့ည ၇ နာရီခန့်က နေအိမ် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

**ဖယောင်းတိုင်မီး ပူဇော်ရာမှ မီးလောင်**

ဖြစ်စဉ်မှာ ဂုဏ်မင်းအင်း ကျေးရွာ ရွာထိပ်ပိုင်းရှိ လူနေအိမ် အုတ်ညှပ်သွပ်မိုးထရံကာ နှစ်ထပ် အိမ် အပေါ်ထပ် ဘုရားစင်တွင် အောက်ခံခွက်မပါဘဲ ဖယောင်းတိုင်မီး ပူဇော်ရာမှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း ည ၇ နာရီ မိနစ် ၂၀ တွင် သတင်းရရှိသဖြင့်



မီးလောင်မှု ဖြစ်ပွားရာနေရာသို့ ဒက္ခိဏခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော် ဦးဆောင်၍ မီးငြိမ်းသတ် ဆောင်ရွက်ခဲ့ရာ ည ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် လူနေအိမ် ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ မိုင်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၀-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဖောရွှံသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၂)
- ၀၉:၄၀ စိတ်အပန်းပြေစေဖို့နေပြည်တော်ကိုလာလည်စို့
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ 'ငဖောင်ဝေ အချစ်ဝေ' စုံတွဲတေးများ တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week's Special Interest
- ၁၃:၀၀ MRTV National News
- ၁၃:၂၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'မြခြူသံ' (မြတ်လေး၊ ကြည်ကြည်ငွေး၊ တွံတေးသိန်းတန်၊ မာမာအေး)
- ၁၆:၅၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေး၊ အတီးပြိုင်ပွဲ "အတီးပြိုင်ပွဲ" အကဲဖြတ် လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်
- ၁၇:၂၀ Sports Diary
- ၁၇:၃၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'ရှိရှင်ငါးဂီတစွမ်းအား' (အပိုင်း-၂) 'တေးသံရှင်ရှိရှင်'
- ၂၁:၂၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေး၊ အတီးပြိုင်ပွဲ(သတ္တမနေ့)
- ၂၁:၃၅ ဆေးရောင်စုံရုပ်ရှင် 'ဒီဝါကျွတ်အခါ ဒယ်မအမြန်အစွဲထုတ်ရန်ရှိသည်' (ကျော်ရဲအောင်၊ လျှမ်းပြည့်၊ စိုးမြတ်သူဇာ)

### mitv

- 07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:12 A Traditional Snack in NgweSaung (ThaYat Taw Htoe Mont)
- 07:24 Sayit-Wyne Girls
- 07:41 Thahtay Kyun Island
- 07:48 Myanmar Designer Studio: Ael Mondra
- 08:01 News
- 08:26 Plant Biotechnology Center
- 08:52 People's Military Service Law 5
- 09:01 The Journey of the Rose
- 09:18 Today Myanmar: Myanma MSME with productivity and innovation (Sausages)
- 09:25 The Golden Triangle
- 09:40 Yoga & Health
- 10:01 News

### MRTV NRC

- ဝ (၀၆:၀၀ မှ ၀၈:၀၀) ဒွိမားဆန်ပြုတ်ချက်နည်း
- ကချင် (၀၈:၀၀ မှ ၁၀:၀၀) ခသူးရိုးရာခေါင်းပေါင်းပေါင်းနည်း
- ကယား (၁၀:၀၀ မှ ၁၂:၀၀) ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၅)
- စကောကရင် (၁၂:၀၀ မှ ၁၃:၀၀) ကြောင်လျှာသီးချက်
- အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
- အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) ဒေါင်ဒင်အင်းနှင့်စုပေါင်းငါးဖမ်းပွဲတော်
- ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀) ဂေါ်ရခါးသီးနှင့်ကျန်းမာရေး
- ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀) တောင်ယာခင်းသို့အလည်တစ်ခေါက်
- မွန် (၁၇:၀၀ မှ ၁၉:၀၀) ကြက်ဟင်းခါးသီးအစွမ်း
- ရခိုင် (၁၉:၀၀ မှ ၂၁:၀၀) ငှက်ပျောရွက်ရဲ့ကျန်းမာရေးအသုံးဝင်ပုံ
- ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (တိုင်းဆာ၊ တိုင်းလိ၊ တိုင်းခမ်းတီး၊ တိုင်းနေ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၁၅ News Desk
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ Festivals Around the World
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၃)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ မြန်မာချစ်တဲ့မုန့်ဟင်းခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၇:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၈:၀၀ ကိုယ်ချစ်မဝဝယ်မင်းကြီးမ(ဇာတ်လမ်း)
- ၁၉:၃၀ International Music Hits
- ၂၂:၀၀ The Batman Ep 2 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio


Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing)ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်း ငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှု ကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ခါးပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့၊ ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း သွားလာနေသည့် ပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံများဖြစ်သည့် သိန်းဝင်းအောင်(ခ)စွေစောင်း၊ ဇော်လင်းအောင်(ခ)မဲကြီး၊ ထွန်းတောက်လင်း(ခ) ဖက်တီးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ကျူးကျော်တဲနေသူများဖြစ်ကြသည့် ဇော်လင်းအောင်(ခ)မဲကြီး ၃၆ နှစ် (ဘ)ဦးဇော်ဝင်းအား အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီတွင် ၎င်း၏နေအိမ်၌ လည်းကောင်း၊ ထွန်းတောက်လင်း(ခ) ဖက်တီး ၂၁ နှစ် (ဘ)ဦးဝင်းဆောင်အား နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ် စည်သာယာရပ်ကွက်ရှိ ၎င်း၏အဒေါ်ဖြစ်သူနေအိမ်၌ လည်းကောင်း၊ သိန်းဝင်းအောင်(ခ)စွေစောင်း ၁၉ နှစ် (ဘ)ဦးဇော်ဝင်းအား နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ၎င်း၏နေအိမ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းအောင်(ခ)မဲကြီးပါ သုံးဦးတို့ကို စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီးနှင့် ထွန်းတောက်လင်း(ခ) ဖက်တီးတို့က ၂၀၂၄ ခုနှစ် ဇွန်လအတွင်း စက်မှုဈေးတောင်ဘက် နှစ်လမ်းမြောက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ ငွေတော်ကျီကုန်းဈေး သုံးလမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ (၅၇)လမ်း၊ မနော်ဟရီလမ်းအကွေ့တွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦး၊ (၅၃)လမ်း၊ မနော်ဟရီလမ်းတောင်ဘက် နှစ်လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ လမ်း(၆၀)၊ (၁၃၁) လမ်း စက်မှုဈေးမြောက်ဘက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦး၊ (၅၈)လမ်း၊ (၁၀၆)လမ်းနှင့် (၁၀၇) လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် (၅၈) လမ်း၊ လမ်း(၃၀)နှင့် (၃၅) လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ လုယက်မှုခုနစ်ကြိမ်၊ ဇူလိုင်လအတွင်း (ဆ)ရပ်ကွက် အေးမေတ္တာဈေး (၅၁)လမ်းနှင့် (၁၂၉)လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ (၆၂)လမ်းနှင့် (၁၂၀) လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် စက်မှုပန်းခြံအကျော် သုံးလမ်းမြောက်၊ စွယ်တော်ကားကွင်းသွားသည့်လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ လုယက်မှု သုံးကြိမ်၊ ဩဂုတ်လအတွင်း လမ်း(၃၀) နှင့် (၆၃)လမ်းတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် (၁၀၇)လမ်း၊ (၅၅)လမ်းနှင့် (၅၆)လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးတို့ထံမှ လုယက်မှုနှစ်ကြိမ်၊ စက်တင်ဘာလအတွင်း (၆၂)လမ်းနှင့် (၆၃)လမ်းကြား မနော်ဟရီလမ်းတွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးထံမှ လုယက်မှုတစ်ကြိမ် စုစုပေါင်း လုယက်မှု ၁၃ ကြိမ်ကို ထွန်းတောက်လင်း(ခ) ဖက်တီးက ဆိုင်ကယ်မောင်းနှင်ပြီး ဇော်လင်းအောင်(ခ)မဲကြီးက နောက်မှထိုင်၍ လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

သိန်းဝင်းအောင် (ခ)စွေစောင်းနှင့် ထွန်းတောက်လင်း(ခ)ဖက်တီးတို့က ဩဂုတ်လအတွင်း (၅၈)လမ်းနှင့် (၅၉)လမ်းကြား၊ (၁၃၂)လမ်းနှင့် (၁၃၃)လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးထံမှ လုယက်မှုတစ်ကြိမ်၊ စက်တင်ဘာလအတွင်း (၅၈)လမ်းနှင့် (၅၉)လမ်းကြား၊ (၁၁၄)လမ်းနှင့် (၁၁၅)လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် အောင်ပင်လယ်ရပ်ကွက် (လမ်းမှတ်မိ)တွင် ရေသန့်ဝယ်ယူနေသည့် အမျိုးသမီးတစ်ဦးတို့ထံမှ လုယက်မှုနှစ်ကြိမ် စုစုပေါင်း လုယက်မှု သုံးကြိမ်ကို သိန်းဝင်းအောင်(ခ)စွေစောင်းက ဆိုင်ကယ်မောင်းနှင်ပြီး ထွန်းတောက်လင်း(ခ) ဖက်တီးက နောက်မှထိုင်၍လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင်(ခ)စွေစောင်းနှင့် ထွန်းတောက်လင်း(ခ)ဖက်တီးတို့ သုံးဦးသည် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ စုစုပေါင်းလုယက်မှု ၁၆ ကြိမ်ကျူးလွန်ခဲ့ကြကြောင်း သိရပြီး အဆိုပါလုယက်မှုများမှရရှိခဲ့သည့် သက်သေခံရွှေထည်ပစ္စည်းများကို ၎င်းတို့ထုခွဲရောင်းချခဲ့သည့် သက်ဆိုင်ရာနေရာအသီးသီးမှ သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများအား ဆိုင်ကယ်ဖြင့် နောက်မှလိုက်၍ လုယက်မှုကျူးလွန်ခဲ့ကြသူ တရားခံ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင်(ခ)စွေစောင်းနှင့် ထွန်းတောက်လင်း(ခ) ဖက်တီးတို့ကို သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုများဖွင့်လှစ်ထားရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူ ဒုစရိုက်မှုများမဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုသတင်းများကို တွေ့ရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**မုံရွာ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးကြီး၌ ကုန်ဈေးပွဲရုံအခန်းပေါင်း ၉၆ ခန်းပါဝင်သည့် အလျားပေ ၈၀၊ အနံပေ ၆၀ ရှိ ကုန်ဈေးပွဲရုံ ၁၂ ရုံ တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိရာ ကုန်ဈေးပွဲရုံများ တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အရှေ့ဘက် ကန်သာယာကန်ပတ်လည်အား ခြောက်ပေအကျယ် လျှောက်လမ်းချဲ့ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အနောက်ဘက်ကန်သာယာ ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အောင်ချမ်းသာဈေးသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြုပြင်ရန်လိုအပ်သည့်ဈေးဆိုင်ခန်းများ အမြန်ပြုပြင်ဆောင်ရွက်ရေးနှင့် ဈေးအတွင်းသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ချမ်းသာဈေးအတွင်း ဈေးရောင်းချနေသူများနှင့် ဈေးဝယ်လာရောက်ကြသည့် ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးနဲမြို့နယ် လွိုင်လင်းခေတ်မီစံပြကျေးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မိုးနဲ အောက်တိုဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်လင်းခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအသိပညာဗဟုသုတများရရှိစေရန်နှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသိပညာပေးဟောပြောခြင်းများကို ယနေ့



နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးက ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာသူ ကျေးရွာသားများက လမ်းဆုံများတွင် အမှိုက်ပုံးများ ထားရှိရန်၊ အမှိုက်ကင်းစင်ရေးဗီနိုင်းများ စိုက်ထူထားနိုင်ရေးနှင့်၊ လစဉ်/ အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေးဆောင်ရွက်သည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးဆောင်ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**


# နတ်မောက်မြို့နယ်၌ တောင်သူများအား အီးအမ်ဘိုကာရှီ မြေဆွေးပြုလုပ်နည်း အသိပညာပေးဆွေးနွေး

**နတ်မောက် အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၊ အင်းကုန်းကျေးရွာ၊ ပ/လက်ခုပ်ပင်ကျေးရွာ၊ တမာပင်ရပ်ကွက်နှင့် ကန်ကြီးရပ်ကွက်တို့ရှိ တောင်သူများအား အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်နည်း အသိပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးဆွေးနွေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိနှင့် ဝန်ထမ်းများက အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်သုံးစွဲခြင်းကြောင့် လယ်ယာမြေများ၏ မြေဆီဩဇာဓာတ်နှင့် မြေဆီလွှာဖွဲ့စည်းမှုများကို ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းထားနိုင်ခြင်း၊ ဓာတ်မြေဩဇာလိုအပ်ချက်ကို အတတ်နိုင်ဆုံး မှီခိုသုံးစွဲရမှု လျော့နည်းလာခြင်း၊ မြေသားတည်ဆောက်မှုကောင်းခြင်း၊ ရေနှင့် အာဟာရဓာတ်ကို ကောင်းမွန်စွာထိန်းထားနိုင်ခြင်း၊ ပေါင်းစေ့အပင်ပေါက်မြန်စေပြီး ပေါင်းနှိမ်နင်းရာတွင် လွယ်ကူစေခြင်း၊ သီးနှံပင်များ၏ ပင်ကြွင်းပင်ကျန်များဖြင့် သဘာဝမြေဩဇာပြုလုပ်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာခြင်း၊ သဘာဝဖြင့် ပြုလုပ်ထားသော မြေဩဇာဖြစ်သောကြောင့် လူသားများ အစားအစာဘေးအန္တရာယ် ကင်းရှင်းစေနိုင်ခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့နိုင်သောစိုက်ပျိုးရေးစနစ်ကို ဆောင်ရွက်နိုင်ရန်နှင့် သီးနှံတစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် မိုးဦးသီးနှံအကြွင်းအကျန်များဖြစ်သည့် နှမ်းရိုး၊ မြေပဲရိုးများဖြင့် အီးအမ်ဘိုကာရှီမြေဆွေးအသုံးချ၍ သဘာဝမြေဩဇာပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၁၀ ပေ၊ ခြောက်ပေ၊ လေးပေ မြေဆွေးပုံများပြုလုပ်၍ တောင်သူများနှင့် ပေါင်းစပ်ကာ ပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လှဝင်း**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၀၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၁၀ | ၄၃၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၀၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နောက် (၂) ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေး အပတ်စဉ်စနေနေ့တိုင်း သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**တောင်ကြီး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ အိမ်တော်နှင့် တောင်ကြီးဟိုတယ်ရှေ့ရှိ အများပြည်သူများ အပန်းဖြေသည့်နေရာ၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ရုံးကြီးလမ်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြောင်းအတွင်း အမှိုက်များ မကျစေရန် ရေနုတ်မြောင်းဖုံး ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဝန်ထမ်းများက မိမိတို့ဌာနအလိုက် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြို့နယ်စည်ပင်သာယာရေးဌာနက တာဝန်ယူဆောင်ရွက်နေသော မြို့တော်ခန်းမ ပြန်လည်ပြုပြင်နေမှုနှင့် ခန်းမအတွင်း LED Board တပ်ဆင်ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ ရှုခင်းသာပန်းခြံရှေ့၌ Gigabuilt Co.,Ltd. က တာဝန်ယူတည်ဆောက်နေသည့် ရေမြောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ရေထွက်ဦးလမ်းရှိ ရေထွက်ဦးရေထွက်ရှိသည့်နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရေထွက်ဦးရေကန်သည် ရေကန်ဧရိယာ ၁ ဒသမ ၅၀ ဧကရှိပြီး ရေသိုလှောင်နိုင်သည့်ပမာဏ ဂါလန် ငါးသန်း၊ တစ်နေ့ရေပေးဝေနိုင်မှု ဂါလန်သုံးသောင်း၊ အကျိုးပြုလူဦးရေ ၁၄၀၀၊ တောင်ကြီးမြို့ပေါ်ရှိ ရေအေးကွင်း၊ ကန်ရှေ့၊ ကန်အောက်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်တို့ကို အကျိုးပြုကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုးရွာသွန်းမှုများပြီး ရေထွက်ဦးလမ်း ရေကျော်ခဲ့သည့်နေရာ၊ မြေပြိုခဲ့သည့်နေရာများဖြစ်သည့် မြစိမ်းတောင်ဘုရားအတက်လမ်းနှင့် ရွှေဘုန်းပွင့်ဘုရားအတက်လမ်းဘေးတို့တွင် မြေရှင်းဆောင်ရွက်ပြီးစီးမှု၊ ယာယီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုတို့နှင့် ရွှေဘုန်းပွင့်ဘုရားအတက်လမ်းဘေးရှိ မြေထိန်းနံရံ ဆောင်ရွက်နေဆဲနေရာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြို့သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ချုံနွယ်၊ မြက်များ ရှင်းလင်းခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်များမှ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း၁၂ ခုရှိရာ အောက်တိုဘာ ၁၉ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၃၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၀၂ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၄ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ ၁၉-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၉.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့်ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၈၇၃၆ | ၆၂၆.၆၉ | ၅၆၃၅၈၇ | ၁၃၅၅၁ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၃၀ | ၄၉၉၄ | - | ၆၂၆.၆၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၁၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၇၇ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | - | ၆၂၆.၃၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၄ | ၅၁၈.၇၅ | ၈၈၃၅၈ | ၂၇၁ | ၁.၂၅ | ၃၄၁၂ | - | - | - | ၅၁၈.၈၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၁၀ | ၁၀၂၄၅ | ၇ | ၂.၉၀ | ၂၀၁၂ | - | - | - | ၅၀၉.၁၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၆၈ | ၄၃၇.၈၅ | ၆၉၅၅၀ | ၂၈၆ | ၁.၁၅ | ၃၄၅၀ | - | - | - | ၄၃၇.၉၀ |
| ၆ | လေလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၇ | ၅၃၄.၅၄ | ၇၃၀၅၁ | ၃၂၀ | ၀.၄၆ | ၁၈၄၉ | - | - | - | ၅၃၄.၆၂ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၆ | ၇၅၆၆ | ၁၁ | ၂.၀၄ | ၁၁၅၂ | - | - | - | ၄၁၆.၀၀ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၄၉ | ၁၀၇၃၇၀ | ၉၅ | ၆.၅၁ | ၃၅၇၂၀ | - | - | - | ၇၀၃.၅၁ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၄ | ၆၀၁.၈၉ | ၄၉၄ | ၅၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၉ | ၈၆၃.၅၅ | ၁၀၁၇၁ | ၇၀ | ၆.၄၅ | ၄၄၂၉ | - | - | - | ၈၆၃.၆၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၄)ချပ် ထောင်ထားပါသည်။



## မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုင်းယန်း အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်အတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မွန်ကဲရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှေ့၌ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ကျောင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကျောင်းဝင်းအတွင်းရှိ မြက်ပင်၊ ပေါင်းပင်များ၊ ချုံနွယ်များ၊ ရေမြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်း၊ ကျောင်းအဝင်လမ်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုတွင် မိုင်းယန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းသန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မှ အရာရှိနှင့်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထူး**



## သာပေါင်းမြို့နယ်၌ သန့်ရှင်းသာယာလှပရေး အမှိုက်ကောက်သန့်ရှင်းရေးဆောင်ရွက်

**သာပေါင်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ယနေ့နံနက် ၇ နာရီတွင် အပတ်စဉ်စနေနေ့တိုင်း ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်း၍ Clean City၊ Green City၊ Smart City ဖြစ်ပေါ်လာစေရေး အတွက် ပလတ်စတစ်အမှိုက်ကောက် သန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်နှင့် အဖွဲ့ဝင်များ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးသန်းနိုင်နှင့် စစ်သည်များ၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်းကာ ဗဟိုလမ်းမှ အခြေခံပညာအထက်တန်းကျောင်းလမ်း၊ ကန္တားလမ်းတစ်လျှောက်မှ သာပေါင်းမြို့မှ ကြိုဆိုပါ၏ဆိုင်းဘုတ်အထိ ပလတ်စတစ်အမှိုက်ကောက်ခြင်း၊ သန့်ရှင်းရေးများဆောင်ရွက်ကြပြီး အမှိုက်သရိုက်များအား စည်ပင်သာယာအမှိုက်ကားဖြင့် ရှင်းလင်းသယ်ပို့စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**




၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်ပညာသင်စရိတ်များ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နှင့် တာလေမြို့တို့၌ လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့၌ လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းဆောင်ရွက်ကြသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးသည်။



ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မိုင်းခတ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် တပ်ရင်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ အပတ်စဉ်မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်းခတ်မြို့နယ်ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်သည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုးဦးဆောင်သည့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ အမှိုက်နှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အဆောက်အအုံနှင့် မလွတ်သည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သစ်ရွက်



ခြောက်များ တံမြက်လှည်းကျင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

## ဥတုရာသီ တောကိုမှီ၏

## မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ



**မကွေး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မြသလွန်စေတီတော်ရင်ပြင်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် မကွေးမြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီး ဆရာလေး ၁၂၁ ပါးတို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံတို့ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

မကွေးမြို့တွင် မြသလွန်စေတီတော်မြတ်ကြီး ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်းပိုင်းမှ သီတင်းကျွတ်လပြည့်ကျော်အထိ ကျင်းပလေ့ရှိရာ ယခုနှစ်တွင် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ ရက် ၂၀ တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**



## မအူပင်မြို့၌ မြို့နယ်လုံးဆိုင်ရာ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မအူပင် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် မြို့နယ်လုံးဆိုင်ရာစုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ ညနေ ၃ နာရီမှစတင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား လောင်းလှူခဲ့ကြသည်။

**ပဒေသာပင်များ ဆက်ကပ်လှူဒါန်း**

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မအူပင်မြို့နယ် အင်းမကျေးရွာအုပ်စု တံတားကြီးကျေးရွာမှစတင်၍ ရေလဲလမ်း၊ ဆယ်လမ်း၊ ကမ်းနားလမ်း၊ ဘုရားလမ်း၊ မင်းလမ်းအတိုင်း ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများအား ဌာနဆိုင်ရာများနှင့် ကျေးရွာ၊ ရပ်ကွက်နေပြည်သူများ၊ အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ စာရေးတံမဲများဖောက်၍ ပဒေသာပင်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့နယ်၌ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ဒေသစာရီကြွချီ လှည့်လည်ပူဇော်ခံ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ညနေပိုင်းက အောင်မင်္ဂလာရပ်ကွက်ရှိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံခြင်းနှင့် နေအိမ်များတွင် ဆီမီးပူဇော်ခြင်းများ ပြုလုပ်သည်။

ထိုသို့ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံရာ ပြည်သူများက ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## မိုးညိုမြို့နယ်၌ အဘိဓမ္မာအခါတော်နေ့ ပူဇာသဘင်အောင်ပွဲ ကျင်းပ

**မိုးညို အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ရွှေပြည်သာရပ်ကွက်ရှိ ဗုဒ္ဓမြတ်စွယ်တော်ကျွန်းကျောင်းတိုက်၌ အဘိဓမ္မာအခါတော်နေ့ ပူဇာသဘင်အောင်ပွဲအထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်ကို ယမန်နေ့ညနေ ၃ နာရီက ကျင်းပသည်။

နိဗ္ဗာန်ဈေးပွဲတော်တွင် မြို့နယ်အဘိဓမ္မာပြန့်ပွားရေးအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် အလှူရှင်များက မုန့်ဟင်းခါး၊ ကြက်သားပလာတာ၊ ရေခဲမုန့်၊ နို့စိမ်းခေါက်ဆွဲ၊ ရွှေရင်အေး၊ ကြာဆံကြော်၊ ကြာဆံချက်၊ သာကူပြင်၊ ပေါင်မုန့်အုန်းနို့ဆမ်း၊ ပလာတာနှင့် အချိုရည်စသည့် စတုဒိသာများအား ကျွေးမွေးလှူဒါန်းရာ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက လာရောက်သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ် အင်းပေါင်အုပ်စု၌ သံဃာတော်များ ပူဇော်ပွဲကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်းပေါင်တောင်ရွာ၊ အင်းပေါင်မြောက်ရွာတို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာတော်၊ သံဃာတော်များ ပူဇော်ပွဲကို ယနေ့တွင် ကျင်းပသည်။

ပူဇော်ပွဲကျင်းပရာ အင်းပေါင်အုပ်စုတွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့နှင့် ၂ ရက်နေ့တို့၌ ရှေးယခင်ကပင် ဘုန်းတော်ကြီးကျောင်းတိုက် အသီးသီးရှိ ဆရာတော်၊ သံဃာတော်များအား စဉ်ဆက်မပြတ် ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။



ပူဇော်ပွဲတွင် မိမိတို့လယ်ယာမြေမှထွက်ရှိသော ဆီ၊ သီးနှံ၊ နဝကမ္မဝတ္ထုငွေနှင့် လှူဒါန်းဖွယ်အစုစုတို့ကို ပဒေသာပင်များ အလှဆင်ပြုလုပ်ကြသည်။ အလှဆင်ပြုလုပ်ထားသော ပဒေသာပင်များကို ရပ်မိရပ်ဖများ၊ လူငယ်မောင်မယ်များက ကိုင်ဆောင်၍ အင်းပေါင်တောင်ရွာနှင့် အင်းပေါင်မြောက်ရွာအတွင်းရှိ လမ်းများတွင် စည်ကားသိုက်မြိုက်စွာ လှည့်လည်ကြပြီး ကျောင်းတိုက်အသီးသီးရှိ ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းပူဇော်ကန်တော့ကြသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် အင်းပေါင်အရှေ့ကျောင်းတော်ကြီး ဆရာတော် ဦးဇဝနနှင့် သံဃာတော်များအား လည်းကောင်း၊ လပြည့်ကျော် ၂ ရက်နေ့တွင် ကျောင်းသစ်ကျောင်း ဆရာတော် ဦးဇောတိကနှင့် သံဃာတော်များအား လည်းကောင်း ပူဇော်ကန်တော့ကြသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

❂ **MNL မှ**

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးအပါအဝင် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ဧရာဝတီအသင်းမှာလည်း ရဲရင့်အောင်၊ နန်းထိုက်ဇော်၊ ချမ်းငြိမ်း၊ သီဟတို့ဖြင့် လူစုံခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ဧရာဝတီယူနိုက်တက်အသင်းကလည်း ခံစစ်ကိုလုံအောင်ပြုလုပ်ပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၃ မိနစ်တွင် မတ်ခ်ဆာကီနှင့် ၈၃ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းခေါင်းဆောင် နန္ဒကျော်က ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ကိုးမိနစ်တွင် ရန်ကျော်ထွေး၊ ၄၁ မိနစ်တွင် ဒေးဗစ်ထန်၊ ၆၁ မိနစ်တွင် ရန်နိုင်ဦး၊ ၇၆ မိနစ်တွင် ကောင်းစည်သူ၊ ၈၂ မိနစ်တွင် အီစိုးတို့က သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးကို ၁၉ မိနစ်တွင် မိုဂူက သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် အသင်းခေါင်းဆောင် ဒေးဗစ်ထန်က ရရှိသည်။ သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် မဟာယူနိုက်တက်ကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ယူကာ ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၂၀၊ ၅၈ မိနစ်တွင် စိုးကျော်ကျော်၊ ၃၅ မိနစ်တွင် သန်းတိုးအောင်တို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၄၀၊ ၄၈ မိနစ်တွင် ကောင်းမြတ်သူက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီတိုက်စစ်မှူး စိုးကျော်ကျော်က ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၀၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၁၂) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-SUFC**

ဝတ္ထုတို

## ပိုင်ပိုင်

(၁)

"ဘာပြောတယ်၊ ဒါဆိုရင် မောင်က ဘာလုပ်ရမှာလဲ။ မင်းယူဆလက်ခံထားတဲ့ အချစ်က ဘာလဲ။ နားမလည်ဘူးကွာ။ မင်း မောင့်ကို တကယ်မချစ်ခဲ့တာလား...ဟမ်"

ပြာဝေအက်ကွဲနေသံနှင့် မောင် မခံစားနိုင်သည်မှာ သိသိသာသာ။

"ပြော...ပြောလေကွာ။ ချစ်ခဲ့ကြတာ ဘဝနှစ်ခု ပေါင်းစည်းကြဖို့လေကွာ။ လက်မထပ်ကြဘူး။ ချစ်နေရုံလေးပဲ ချစ်သူဘဝနဲ့ပဲ ရာသက်ပန်နေကြမယ်လို့ မင်းမို့ ပြောထွက်တယ်ကွာ....ကျွတ်"

ဆံပင်များကို ထိုးဖွရင်းစိတ်ရှုပ်မွန်းကျပ်နေသည့် မောင့်ပုံစံလေးကို မေ သိပ်ချစ်သည်။ သို့သော် အတ္တကြီးကြီးနှင့် စိုးရွံ့နေသည့်စိတ်ကို မလွန်ဆန်ဝံ့။

"မေ...မောင်က မင်းလို ကဗျာလည်း မရေးတတ်ဘူး။ စာလည်းမရေးတတ်ဘူး။ ဘဝကို စိတ်ကူးလည်းမယဉ်တတ်ဘူး။ သေချာတာက မင်းကို သိပ်ချစ်တယ်။ ပိုင်ဆိုင်ချင်တယ်။ လက်ထပ်ချင်တယ်။ မင်းခွင့်ပြုပါ"

သွေးဆူလွယ်သည့် မောင့်အကြောင်းကို ချစ်သူသက်တမ်းတစ်လကတည်းက မေသိခဲ့၏။ ဖြစ်ချင်သည်ကို ရအောင် ကြိုးစားလုပ်ဆောင်တတ်သည့် မောင်က လူတော်တစ်ဦးပါ။

"ခုနက မင်းပြောခဲ့တဲ့ ဆုံးဖြတ်ချက် စကားဆိုတာကို ပြင်ပေးပါကွာ။ မင်းရဲ့ ဖြစ်တည်မှုအရာရာကို မောင်လက်ခံနိုင်တာ မင်းအသိပါ။ မောင်က လက်ထပ်ဖို့ ဆုံးဖြတ်ပြီးမှ ချစ်ခွင့်ပန်ခဲ့တာ။ မေ...မေလည်း မောင့်ကိုချစ်တယ်လေ။ မောင့်ကြောင့် မေစိတ်မညစ်စေရဘူးလို့ မောင် ကတိပေးပါတယ်။ မောင့်ကို လက်ထပ်ပါကွာ။ နော်...နော် မေ..."

မောင့် တောင်းဆိုမှုအောက်မှာ မေ့ နှလုံးသား အရည်ပျော်ကျနေပါပြီ။ ချစ်ခြင်းတွေကနူးညံ့စွာ အရည်ပျော်စီးဆင်းချင်နေသော်လည်း ဦးနှောက်၏ တံခါးချပ်များက အထပ်ထပ်။

"ဟူး..."

သက်ပြင်းရှည်ရှည်ကို မှုတ်ထုတ်လိုက်ပြီး မောင်ခေတ္တငြိမ်သက်နေ၏။ အသားညိုညိုနှင့် ယောကျ်ားပီသသော မောင့်ရုပ်ရည်သွင်ပြင်သဏ္ဌာန်ကို မေ သိပ်ကို မြတ်နိုးပါသည်။

"ကဲပါ မေရယ်...မောင် စိတ်ရှုပ်သွားလို့ စကားသံမာသွားမိတာ ခွင့်လွှတ်နော်။ မေ့စိတ်တွေလည်း ခဏနားလိုက်နော်။ လက်ထပ်ဖို့ကို မောင်က အလျင်မလိုပါဘူးကွာ။ မေစိတ်အဆင်ပြေချိန်အထိ စောင့်မယ်လေ"

မေ့မျက်နှာကို ကြင်နာသောမျက်ဝန်းများနှင့်ကြည့်ကာ ချိုသာစွာပြောသည့် မောင့်စကားတွေက ပျားရည်ထက် အဆတစ်ရာချိုမြိန်လှသည်။

"မေ...မောင့်ကို ချစ်လား"

"သိပ်ချစ်ပါတယ် မောင်..."

"ဟား....မေ သိပ်ချစ်တာ မောင် ကျေနပ်တယ်ကွာ။ ဘာမှတွေဝေမနေနဲ့နော်။ မောင်တို့လက်ထပ်ကြမယ်နော်။ ဒီနှစ်ကုန်ရင် မောင့်မိဘတွေနဲ့ မေ့ကို လာတောင်းမယ်။ ကဲ...မောင် သွားတော့မယ် မေ..."




မေ့ လက်ဖျားလေးကို ခပ်ဖွဖွဆုပ်ကိုင်ပြီး နှုတ်ဆက်သွားသည့် မောင့်ကို ငေးမောကြည့်နေမိသော်လည်း အမြင်က ဝေဝါးဝါး။ မေ့ဖြစ်တည်မှုကို လက်ခံနိုင်သည့် မောင့်ကို ကျေးဇူးတင်သော်လည်း မေကိုယ်တိုင်ကတော့ အတိတ်ရက်စွဲတွေကို ဆုတ်ဖြဲချင်နေဆဲ...။

(၂)

"ဘယ်လိုလုပ်ကြမလဲ ဟုတ်လား။ ဖြစ်ပြီးသွားပြီလေ ပြန်ပြင်လို့မှ မရတော့တာ"

"ဟာ...ကျွန်မကတော့ မကျေနပ်နိုင်ဘူး အမေ။ အမှုဖွင့်မယ်။ တရားစွဲမယ်။ တောက်...."

ရှက်ရွံ့သိမ်ငယ်စွာဖြင့် အဘွားနှင့် အမေ့ကိုကြည့်နေသည့် မေ မြူမှုန်တစ်စလို လွင့်ပြယ်လိုက်ချင်သည်။

"တင်ရီရယ်...အမေပြောတာ သေချာနားထောင်စမ်းပါ။ အမေလည်း ငါ့မြေးကို ထိလို့ ရင်နာတာပဲ၊ စိတ်တိုတာပဲ။ မမြခင် လာပြောညှိနှိုင်းတာကလည်း သဘာဝကျပါတယ်အေ။ မြေးလေးက အပျိုပြန်မဖြစ်တော့ဘူးလေ။ မိသားဖသားပီပီ တင့်တင့်တယ်တယ်လက်ထပ်ယူမှာပါတဲ့။ တရားတဘောင်တွေရင်ဆိုင်ကြရင် ထိုင်ရှက်ရမယ့်အစား လူသိရှင်ကြားရှက်ကြရမှာ"

"အဟင့်...ဟင့်..ဖြစ်မှဖြစ်ရလေ သမီးရယ်"

မေ့ ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်ပြီး အမေ ဝမ်းနည်းနာကျင်စွာငိုသည်။ အဘွားက အံကြိတ်လျက် မျက်ရည်ကျနေ၏။ အမေနှင့်အဘွား မျက်နှာတွေကို တစ်လှည့်စီကြည့်မိရင်း မေ့ ရင်ထဲတွင် ထုံကျဉ်လာသလိုပင်။

"ချစ်လို့ပါ။ သိပ်ချစ်လို့ပါကွာ။ ကိုကြီး တာဝန်ယူပါတယ်။ တောင်းပန်တယ်ကွာ။ ကိုကြီးကို မမုန်းပါနဲ့။ ငယ်လေးကို အပိုင်လိုချင်လို့ ကြံလိုက်မိတာပါ"

ခါးသီးရွံရှာဖွယ် စိတ်တိုင်းကျပြုမူပြီးမှ ချစ်လို့ပါဆိုသည့် စကားများက နားခါးစရာ။ ပြတင်းပေါက်မှ လှမ်းမြင်နေရသည့် တစ်ဖက်ခြံကြီးထဲမှ နှစ်ထပ်တိုက်ကြီးကို မုန်းတီးစွာ ကြည့်လိုက်မိသည်။ အဖေဆိုသည်ကို မမြင်ဖူးခဲ့သည့် မေ့ကို အဘွားနှင့် အမေက ကရုဏာပိုစွာ သိပ်ချစ်ကြသည်။ မေ ဆယ်တန်းအောင်သည်ကို ထီပေါက်သလို ပျော်ရွှင်ခဲ့သောအမေ။ ကြီးကြီးဒေါ်မြခင်၏ ကုန်စုံဆိုင်ကြီးတွင် တောက်တိုမည်ရအလုပ်များလုပ်ပေးရင်း မေတို့ မြေးအဘွားနှစ်ယောက်ကို အမေကျွေးမွေးခဲ့သည်။ လေဖြတ်ထား၍ ကောင်းစွာ လမ်းမလျှောက်နိုင်တော့သည့် အဘွားက အိမ်မှုကိစ္စတော့လုပ်နိုင်သေး၏။

ကြီးကြီးဒေါ်မြခင်၏ တစ်ဦးတည်းသောသားဖြစ်သူ ကိုကြီးအောင်မြင့်က မေ့ထက် အသက်ဆယ်နှစ်ကျော်ကြီးသည်။ အရက်ကလေးတမြမြနှင့် အပျော်အပါးမက်မောတတ်သူ။ ရည်းစားထည်လဲထားပြီး မည်သည့်မိန်းကလေးကိုမှ အတည်မယူ။ မေ အပျိုဖော်ဝင်စ ကိုးတန်းနှစ်မှာပင် မေ့ကို ချစ်ရေးဆိုခဲ့သည်။ အမေ၏ အလုပ်ရှင်သားဖြစ်၍ မေကလည်း ရိုရိုသေသေသာ ပြန်လည်ငြင်းဆန်ထားခဲ့သည်။ မေ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ရန်စောင့်ဆိုင်းနေစဉ် ကြီးကြီးဒေါ်မြခင်က သူ့ကုန်စုံဆိုင်၌ အရောင်းကူပေးရန် ခေါ်ခိုင်းသည်။ ကြီးကြီးဒေါ်မြခင်က မေ့ကိုလည်း ကြင်နာပါသည်။ အဝတ်အထည်မှအစ အလှအပအသုံးအဆောင်များကိုပါ ဝယ်ပေးတတ်၏။ ကုန်စုံဆိုင်အတွက် လိုအပ်သည့် ကုန်များကို မြို့တက်ပြီး ဝယ်သည့်အခါတိုင်း ကြီးကြီးဒေါ်မြခင်က အမေ့ကို ခေါ်သွားတတ်သည်။ လူကြီးများမရှိသည့်ရက်၌ အချိုရည်ထဲဆေးခတ်တိုက်ကာ ကိုကြီးအောင်မြင့်က မေ့ကို ပန်းကောင်းအညွန့်ချိုး အပိုင်ကြံလိုက်၏။ သူ့လက်ခုပ်ထဲမှရေသဖွယ် မေ့ကို ပြုမူလိုက်ခြင်းကို နည်းနည်းမှ မကျေနပ်နိုင်ခဲ့။

(၃)

"သမီးလေး မေနှင်းဆီ။ ကြီးကြီး အနူးအညွတ် တောင်းပန်ပါတယ်ကွယ်။ ကြီးကြီးသား မိုက်မဲတာကို ရှက်မိပါတယ်။ သားကလည်း သမီးလေးကို သိပ်ချစ်လို့ အရယူချင်လို့ မှားမိတာပါလို့ ဝန်ခံပါတယ်။ သမီး တက္ကသိုလ်တက်ဖို့လည်း ကြီးကြီးတာဝန်ယူပါတယ်။ သားကို လက်ထပ်ပါနော်။ အစ်မခင်နဲ့ တင်ရီကိုလည်း မျက်နှာပူပူနဲ့တောင်းပန်ပါတယ်။ အမှုအခင်းတွေမလုပ်ကြပါနဲ့။ ကျွန်မပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းအားလုံးနဲ့ သမီးမြနှင်းဆီကို တင်တောင်းပါ့မယ်"

အဘွားနှင့် အမေက ဖြစ်ပြီးသွားသည်မှာ ပြန်ပြင်၍မရတော့မည့်အတူတူ မေ့တစ်သက်လုံး ပြည့်စုံကြွယ်ဝစွာနေနိုင်မည်ဖြစ်ကြောင်း နားချပြောဆိုကာ မေ့ဆန္ဒမပါဘဲ ကိုကြီးအောင်မြင့်နှင့် လက်ထပ်ပေးခဲ့သည်။ အသက်မပြည့်သေးသည့် မေ၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်မချတတ်ခဲ့သည့် မေ၊ အကြွေပန်းဖြစ်ခဲ့ရသည့် မေက ခွေရက်သူ၏လက်ထဲသို့ပင် သက်ဆင်းလိုက်ရသည်။ ဘဝကို စက်ရုပ်ဆန်ဆန် ခံစားမှုမဲ့စွာ ဖြတ်သန်းလိုက်တော့သည်။

(၄)

"အမယ်လေး...ဖြစ်ရလေ သားရယ်။ သားသိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းမနဲ့ သမီးလေးကို ထားခဲ့ပြီလား အဟင့်...ဟင့်..."

မေ အံကြိတ်ကာ မျက်ရည်သွင်သွင်ကျနေသည်။ သမီးလေးက အသက်သုံးနှစ်ကျော်သာရှိသေး၍ အဖေဆုံးပါးသည်ကို မသိတတ်သေး။ ယောက္ခမ ကြီးကြီးဒေါ်မြခင်က သည်းအူပြတ်မတတ် ငိုယိုနေသည်။ သူ့ကိုယ်သူသာ သိပ်ချစ်ပြီး သူ့အလိုဆန္ဒကိုသာ ဖြည့်ဆည်းတတ်၍ ကိုကြီးအောင်မြင့် အသက်တိုရသည်။ အသည်းခြောက်လာသဖြင့် ဆရာဝန်က အရက်ဖြတ်ခိုင်းသည်ကို မလိုက်နာဘဲ အလွန်အကျွံအရက်သောက်ပြီး ဆုံးပါးသွားသည်။ အသက်နှစ်ဆယ်ကျော်အရွယ်မှာ မေ မုဆိုးမလေးဖြစ်ခဲ့ရ၏။ အဝေးသင်တက္ကသိုလ်တက်ရောက်ပြီး ဘွဲ့တစ်ခုရယူခဲ့သည်။ ကြီးကြီးဒေါ်မြခင်က ကတိတည်စွာပင် သူပိုင်ဆိုင်သည့် ကုန်စုံဆိုင်နှင့် ဥစ္စာပစ္စည်းအားလုံးကို မေတို့သားအမိကို ပေးသည်။

"သမီးမေနှင်းဆီ...ဒီ ကုန်စုံဆိုင်ကို သမီးအမေ တင်ရီနဲ့ ဆက်လက်ရောင်းချပါကွယ်။ တင်ရီက ကြီးကြီးကုန်သွားဝယ်တဲ့ ဖောက်သည်ဆိုင်တွေကို အကုန်သိတယ်လေ။ သမီးတို့ သားအမိတွေကို ကြီးကြီး စိတ်ချပါတယ်။ သမီးလည်း ငယ်ရွယ်သေးသူမို့ အိမ်ထောင်သစ်ထူလိုရင်လည်း ထူပေါ့ကွယ်။ သားကြီးကို သတိရလွမ်းဆွတ်နေတဲ့ ကြီးကြီးရဲ့ ရင်ထဲက အပူမီးကို ငြိမ်းသတ်ချင်လို့ တရားရိပ်သာဝင်တော့မယ်"

မေတို့သားအမိတွေကို စိတ်ချလက်ချထားခဲ့ပြီး ကြီးကြီးဒေါ်မြခင်က ရာသက်ပန် တရားရိပ်သာဝင်သွား၏။ မေက ကြီးကြီးဒေါ်မြခင်ထံသို့ လိုအပ်သည့်ဓာတ်စာ ဆေးဝါးများ လစဉ်သွားရောက် လှူဒါန်းသည်ကိုပင် လူချင်းထွက်မတွေ့ခဲ့။ သံယောဇဉ် အပူမီးတွေငြိမ်းသတ်လို၍ လူချင်းမတွေ့တော့ပါဟုသာ စကားပါးလွှတ်သည်။ မေကတော့ သံယောဇဉ် အမျှင်တန်းတိုးရစ်လာသည့် မောင်နှင့် ဆုံလာခဲ့သည်။ မေတို့ မြို့ကိုပြောင်းရွှေ့ရောက်ရှိလာသည့် ဦးစီးအရာရှိ ကိုမင်းမောင်မောင်က ကုန်စုံဆိုင်ကို ဈေးလာလာဝယ်ရင်း သံယောဇဉ်များ ငြိတွယ်လာခဲ့ကြသည်။

(၅)

အဖြူအစိမ်းဝတ်စုံလေးနှင့် သမီးလေးက ကျောင်းတက်ရသည်ကို အလွန်ပျော်ရွှင်နေသည်။ သမီးလေးကို ကျောင်းမှာ ထမင်းလိုက်ကျွေးရင်း ကျောင်းသားမိဘအချို့နှင့် မေ ခင်မင်လာသည်။

"ညီမရေ...သားတို့ ထမင်းစားတာကို တစ်ချက်လောက် ကြည့်ပေးထားပါနော်။ မနက်ဖြန် သူ့အဖေခရီးထွက်ဖို့ လိုအပ်တာလေးတွေ အစ်မသွားဝယ်ချင်လို့ပါ။ နာရီဝက်လောက်ပဲကြာမှာပါ"

"ဩော်...ဟုတ်ကဲ့ အစ်မသွားပါ။ ကျွန်မ ကြည့်ပေးထားပါ့မယ်"

မကြည်မြက သူ့သားနှစ်ယောက်ကို ကြည့်ပေးပါ အပ်နှံပြီး ဈေးဘက်သို့ ထွက်သွားသည်။ သူ့ သားအကြီးက Grade-2၊ သားအငယ်ကတော့ သမီးနှင့် အတူတူ KG တန်းတက်နေသည့် ကလေး။ ထမင်းချိုင့်ဖွင့်ပေးပြီး ကလေးတွေကို ဂရုစိုက်ကြည့်နေမိသည်။

"မေမေ...သမီး ထမင်းဝပြီ"

"အေး...အေး...သမီး"

ထမင်းစားသိပ်မြန်သော သမီးက စားပြီးသည်နှင့် ဆော့နေတော့သည်။

"အို...ဟဲ့...ဟဲ့...သားကြီး အဲဒီလို မလုပ်ရဘူးလေ"

အငယ်ကောင်လေး၏ အင်္ကျီအဖြူပေါ်သို့ အကြီးကောင်လေးက ဟင်းအနှစ်ဆီများကို ရုတ်တရက်လောင်းချပစ်၏။ ဟင်းအတုံးများကိုလည်း သူ့ထမင်းချိုင့်ထဲကို အကုန်ထည့်လိုက်ပြီး ချိုင့်ကိုယူကာ ခပ်လှမ်းလှမ်းသို့ ထွက်သွားသည်။

"သားသားစားဖို့ ဟင်းမရှိတော့ဘူး။ အင်္ကျီတွေညစ်ပတ်ကုန်ပြီ။ အီး...ဟီး...ဟီး..."

"အို...မငိုနဲ့ သားလေး...ရော့...ရော့...ဒီငါးဆုပ်ဟင်းလေးနဲ့ စားနော်"

ဟင်းအဆီတွေပေနေသည့် အင်္ကျီကို တစ်ရှူးနှင့်သုတ်ပေးပြီး အငယ်ကောင်လေးကို ချော့မော့ထားရသည်။ ခဏအကြာတွင် အကြီးကောင်လေးက ထမင်းချိုင့်အခွံပြန်ယူလာ၏။

"လာ သားကြီး...အန် တီ နားမှာ ခဏထိုင်ပါဦး။ ညီလေး ထမင်းစားပြီးရင် ရေခဲမုန့်ဝယ်ကျွေးမယ်"

"မထိုင်ခိုင်းနဲ့ သူကသားကို အမေမရှိရင် အမြဲတမ်းအနိုင်ကျင့်တယ်။ သွား...သွား...ကိုကို မလာနဲ့"

အကြီးကောင်လေးက သူ့ညီကို မကျေမနပ်ပုံစံနဲ့ စိုက်ကြည့်နေသည်။ ကျွန်မ ရင်ထဲ အတော်စိတ်မသက်မသာ ဖြစ်မိသည်။ ညီအစ်ကိုအရင်းဖြစ်ပြီး ဘာကြောင့် အမုန်းရိပ်ထင်နေသည်ကို သိချင်လာသည်။

"သားကြီး...သားက အစ်ကိုလေကွယ်။ ညီလေးကို ညှာတာရမယ်။ အနိုင်မကျင့်ရဘူးလေ"

"သား သူ့ကို မုန်းတယ်..."

ခပ်ပြတ်ပြတ်ပြန်ပြောသည့် စကားက စိမ်းသက်စွာ။

"အို...ကိုယ့်ညီလေးကို ဘာလို့မုန်းရတာလဲ"

ညှိုးငယ်သွားသည့် မျက်ဝန်းလေးများနှင့် အကြီးကောင်လေးက ခေါင်းငုံ့လိုက်သည်။ အသက်ရှူသံ ခပ်ပြင်းပြင်းကြားရသည်။

"သူ့မှာ အဖေရှိတယ်။ သားမှာ အဖေမရှိဘူး။ သူ့အဖေက သူ့ကိုပဲချစ်တာ။ သူ့အတွက်ပဲ အရုပ်တွေဝယ်လာတာ။ သားကိုကျတော့.......။ အမေကတော့ ပြောပါတယ်။ သားတို့နှစ်ယောက်လုံးကို အမေ့ဗိုက်ထဲကမွေးထားတာ။ ညီလေးကို ချစ်ရမယ်တဲ့။ သား သူ့ကို မချစ်ဘူး..."

"အို...ဖြစ်ရလေ..."

မေ့ ရင်ဘတ်တစ်ခုလုံးကို ဆုပ်ညှစ်လိုက်သလို ခံစားလိုက်ရသည်။ တဆတ်ဆတ်လှုပ်နေသည့် နှလုံးသားက ခုန်နေသည်လား၊ တုန်နေသည်လား မေ ဝေခွဲမရ။

သမီးလေး ဆိုလျှင်ကော မေ မွေးဖွားပေးမယ့် သူ့မောင်လေး၊ သူ့ ညီမလေးတွေကို သိမ်ငယ်စိတ်နှင့် ဝန်တိုတတ်မည်လား။ ပြုံးရယ်လျက် ဆော့ကစားနေသော သမီးလေးကိုငေးကြည့်နေရင်း ဘာအတွက်ကြောင့်မှ သမီးလေးစိတ်အားမငယ်စေရေးအတွက် အတ္တကြီးစွာဖြင့် မေ့ ဆုံးဖြတ်ချက် မာကြောစေပြီ။

ပါးပြင်ပေါ်သို့ ပူနွေးနွေးမျက်ရည်များစီးကျလာရင်း တိုးတိုးတိတ်တိတ် ဖွင့်ဟမိသော စကားများကို မောင်ကြားသိနားလည်နိုင်ပါစေလို့သာ မေ ဆုတောင်းလျက်.....။

"မောင့်ကို သိပ်ချစ်ပါတယ်။ ချစ်နေရုံလေးပါ မောင်....."။ ။

## ကထိန်သင်္ကန်း တို့လှူဒါန်း

❖ ဘုံကထိန်တော်
တူပျော်လျက် ဆင်နွှဲ။
ပဒေသာပင်
ဝေဆာလွင် တင့်တယ်ထူးတယ်
ကြည်နူးရင်ထဲ။

❖ ကထိန်သင်္ကန်းလျာ
ဆက်ကပ်ကာ ဒါနပြု။
နတ်ပြဟ္မာ မေတ္တာဝေ
ရပါစေ အမျှပေး
အေးမြသာခု။

❖ တန်ဆောင်တိုင် ကထိန်ပွဲ
ဆင်ယင်နွှဲ ပျော်စရာ။
ဥတ်အရံ သံဃာများ
ရွှတ်ပွားဓမ္မာ။

❖ အကျိုးငါးပါး ရရှိကာ
စိတ်ချမ်းသာ ကိုယ်ချမ်းမြေ့။
တစ်နှစ်မှ တစ်ကြိမ်
လှူကထိန် စေတနာမိုး
သွန်းဖြိုးရွာပေ့။

မောင်မျိုးချစ်(အညာမြေ)

## သမိုင်းအမွေ

★ မျိုးဆက်သစ် လူငယ်တွေ
တူညီစေ စိတ်ထား။
တာဝန်ကို လက်ဆင့်ကမ်း
ထမ်းရွက်စို့လား။

★ အသိပညာ စွမ်းပကား
မြင့်မားဖို့ အားထုတ်ပါ
စိတ်ဓာတ်ခိုင်စွာ။

★ တို့ချစ်တဲ့ ပြည်မြန်မာ
ဂုဏ်သိက္ခာ မြှင့်တင်ပေး။
အမိမြေကို တန်ဖိုးထားလို့
နိုးကြားစိတ်မွေး။

★ အမျိုးဂုဏ် မြင့်စေရေး
ဇာတိသွေး ဇာတိမာန်။
ရင်ထဲမှာ ကိုယ်စီကိန်း
စောင့်ထိန်းကြရန်။

★ ကြီးမြတ်တဲ့ သန္နိဋ္ဌာန်
ရည်စိတ်သန် ဖော်ဆောင်လို့။
သမိုင်းကို သက်သေပြု
အတုယူစို့။ ။

မောင်လူစိုး

ဆောင်းပါး

# မှန်ကန်စွာ အစားထိုးတတ်ပါစေ

## ■ ပိုင်ဆု(ပညာရေး)

ခေတ်နှင့်အညီ တိုးတက်လာသော ပြောင်းလဲမှုများတွင် ယဉ်ကျေးမှုနှင့် အသိတရားသည်လည်း ကောင်းမွန်သော ပြောင်းလဲတိုးတက်မှုများဖြင့်သာ အခြေခံကျကျရှိသင့်သည်ဟု ထင်မိပါသည်။ ယခုမျက်မှောက်ပတ်ဝန်းကျင်တွင် မြင်တွေ့နေရသော Vape ဟု ခေါ်သော ဆေးလိပ်အစားထိုး အသုံးပြုသည့် ပစ္စည်းလေးသည် ခေတ်နှင့်အညီပြောင်းလဲလာသော တိုးတက်မှုများတွင် များပြားစွာနေရာယူလျက်ရှိပါသည်။

ဆေးလိပ်၏ အန္တရာယ်နှင့် ဆေးလိပ်ကြောင့်ဖြစ်ပေါ်တတ်သောရောဂါမျိုးကို ရှောင်ကြဉ်သည့် အနေဖြင့် ဆေးလိပ်အစား vape ဟု ခေါ်သော အရာလေးကို သုံးစွဲပြီး ဆေးလိပ်ဖြတ်လေ့ရှိသည်ကို အများအသိပင်ဖြစ်သည်။ သို့ရာတွင် ဆေးလိပ်ဖြတ်မည့်သူသာမဟုတ်ဘဲ ဆေးလိပ်မသောက်သည့်သူများကပင် ကျား၊ မ မရွေး Vape ကို ပေါ်ပင်တစ်ခုအနေဖြင့် သုံးစွဲနေကြသည်ကို မြင်တွေ့လျက်ရှိပါသည်။ “Vape သည် မူးယစ်ဆေးဝါးမဟုတ်၊ Vape သည်ဆေးလိပ်မဟုတ်၊ Vape ကြောင့် မည်သို့သောထိခိုက်မှုများမှ မဖြစ်နိုင်” ဟု အများကသတ်မှတ်ထားကြပေလိမ့်မည်။

သို့သော် အသက်ဆယ်နှစ်ဝန်းကျင် ကလေးများကပင် Vape ကို လူကြီး မိဘ ဆရာသမားများရှေ့ပင် မရှောင် ပွင့်လင်းမြင်သာစွာ သုံးစွဲလျက်ရှိသည်ကို မြင်တွေ့လာရသည်။ ဆေးလိပ်တစ်လိပ်၏တန်ဖိုးသည် ရာဂဏန်းဖြစ်သော်လည်း Vape တစ်ခု၏ တန်ဖိုးသည် သောင်းဂဏန်းဖြစ်သည်။ ကလေးများ အသုံးပြုနေကြခြင်းမှာ လူကြီးများ၏ အသိပေးလမ်းညွှန်မှု အမှားများကြောင့်ဟုသာ တင်ပြချင်ပါသည်။ Vape သည် မူးယစ်ဆေးဝါးမဟုတ်။တရားဝင်အသုံးပြုခွင့်ပေးထားသည်ဟု လူကြီးမိဘများကိုယ်တိုင်က ပြောဆိုနေပါက မိမိ၏ ကလေးများသည် အရွယ်နှင့် လုပ်ရပ်မတူညီသော ပြုမူမှုများဖြင့် ပတ်ဝန်းကျင်တွင် အမှားများဖြင့် ပျော်မွေ့နေပေလိမ့်မည်။ Vape သုံးစွဲသောသူကို အထင်ကြီးဂုဏ်ယူစွာဖြင့် အတုယူကြရင်း လောကယဉ်ကျေးမှုများ ဆုတ်ယုတ်လာနိုင်ခြေရှိပါသည်။

Vape ဟူသော စကားလုံးကို အဘိဓာန်တွင်ရှာကြည့်ပါက တရားဝင်အသိအမှတ်ပြု အင်္ဂလိပ်ဝေါဟာရစကားလုံးမဟုတ်ကြောင်း တွေ့ရပေလိမ့်မည်။ ဆေးလိပ်အတု(E စီးကရက်) ဟုသာ သတ်မှတ်ထားခြင်းဖြစ်သည်။ Vape ၏ ပုံစံမှာ စိတ်ဝင်စားဖွယ်ကောင်းပြီး အတွင်းတွင် လဲလှယ်၍ရသည့်ခွက်လေးတစ်ခုပါဝင်သည်။ ထိုခွက်လေးထဲတွင် Nicotine နှင့် Propylene glycol(3) ဟုခေါ်သော မီးခိုးထွက်အောင်လုပ်ပေးသည့် ဓာတ်တစ်မျိုးပါဝင်သည်။

ဆေးလိပ်၏ ဆိုးကျိုးကိုကာကွယ်သည့်အနေဖြင့် Vape သုံးစွဲသည်ဟုဆိုပါလျှင် Vape သည် စင်စစ်

> **Vape တွင် ပါဝင်သည့် ဓာတ်ငွေ့များသည် ဇက်တီးရီးယားပေါက်ပွားမှုကို အားပေးသည့်အတွက် သွားပိုးစားခြင်း၊ သွားဖုံးရောင်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အတည်ပြုချက်မရသေးသော်လည်း သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ Vape တွင်ပါဝင်သော ဓာတ်ငွေ့သည် ဆဲလ်ပြောင်းလဲခြင်း၊ ဓာတ်တိုးခြင်းများနှင့် ကင်ဆာရောဂါအဆင့်အထိ သက်ရောက်နိုင်**

ဘေးထွက်ဆိုးကျိုးကင်းရဲ့လားဟု လေ့လာစေချင်ပါသည်။ ဆေးလိပ်၏ဆိုးကျိုးကို နှစ်ပေါင်းများစွာအသုံးပြုပြီးမှ ရှာတွေ့နိုင်ခဲ့သလို Vape ၏ ဆိုးကျိုးများကိုလည်း ကမ္ဘာ့နိုင်ငံများတွင် အကောင်အထည်ဖော် သုတေသနပြုလျက်ရှိပါသည်။

အတည်မပြုနိုင်သေးသော်လည်း Vape ကို လွန်ကဲစွာ သုံးစွဲပါက နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ရုတ်တရက် နှလုံးထိခိုက်ခြင်း၊ ရင်ဘတ်အောင့်ခြင်းများ ဖြစ်ပေါ်စေနိုင်သည်ဟု လေ့လာတွေ့ရှိရပါသည်။ Vape ရော ဆေးလိပ်ပါ နှစ်မျိုးလုံးသုံးစွဲသူသည် နှလုံးရောဂါဖြစ်နိုင်ခြေ ပိုများသည်ဟု သိရပါသည်။

Vape တွင် ပါဝင်သည့် ဓာတ်ငွေ့များသည် ဇက်တီးရီးယားပေါက်ပွားမှုကို အားပေးသည့်အတွက် သွားပိုးစားခြင်း၊ သွားဖုံးရောင်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။ အတည်ပြုချက်မရသေးသော်လည်း သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ Vape တွင်ပါဝင်သောဓာတ်ငွေ့သည် ဆဲလ်ပြောင်းလဲခြင်း၊ ဓာတ်တိုးခြင်းများနှင့် ကင်ဆာရောဂါအဆင့်အထိ သက်ရောက်နိုင်သည်ဟု တွေ့ရှိရပါသည်။

အရသာပါသော Vape Juice များသည် မိန်းမပျိုလေးများနှင့် ကလေးသူငယ်များအကြား ရေပန်းစားလျက်ရှိနေပါသည်။ ထို့ကြောင့် လူကြီးမိဘများ၏ အသိပေးလမ်းညွှန်မှု၊ ဆုံးမပဲ့ပြင်မှုများသည် အထူးလိုအပ်ပေသည်။ ဆေးလိပ်ဖြတ်သူများအတွက် အစားထိုးခေတ္တသုံးစွဲခြင်းသာမကဘဲ ပေါ်ပင်တစ်ခုအနေဖြင့် ဂုဏ်ယူဝင့်ကြွားစွာသုံးစွဲခြင်းသည် မသင့်တော်ကြောင်းလည်း ရှင်းပြပေးသင့်ပါသည်။ မလွှဲသာ၍ သုံးစွဲသူများသည်လည်း Vape ထဲတွင်ထည့်ရသော Nicotine အရည် နည်းနိုင်သမျှနည်းပြီး သုံးစွဲပြီးတိုင်းလည်း သွားတိုက်ခြင်း၊ ပလုတ်ကျင်းခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

တန်ဆေး လွန်ဘေးဆိုသည့်အတိုင်း မည်သည့်အရာမှ လွန်ကြူးစွာမသုံးစွဲသင့်ပေ။ Vape သည် ဆေးလိပ်အစားထိုး အသုံးပြုခြင်းဖြစ်သည့်အတွက် မှန်ကန်စွာအစားထိုးတတ်ရန် လိုအပ်ပြီး ကျောင်းနေအရွယ်ကလေးများနှင့် လုံးဝမသက်ဆိုင်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအား မရောင်းချသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

✻ ဦးနှောက်ဉာဏ်
အာဟာရ
ပြည့်ဝဖို့ လူတိုင်းလို။
ကြောင်းကျိုးနှစ်တန်
အမှန်မှား ခွဲခြားဖို့ဆို။

✻ မိတ်ဆွေအစစ် စာပေကို
ရိုသေစွာ ဖတ်၊ မြတ်နိုး။
ဘဝမှာ အကျိုးရှိပေကွဲ့
အသိဖွံ့ဖြိုး။

✻ နှစ်ရှည်တိုင် မပုပ်မသိုး
ကောင်းကျိုးဖြစ် စာပေဟူ။
လောကအလယ်
ဂုဏ်ရောင်လင်း
သန့်ရှင်းကြည်ဖြူ။

✻ ကိုယ်ပိုင်အသိ ဉာဏ်ရည်ကူ
သာစေလူ အနာဂတ်လမ်း။
ခေတ်အညီ မျက်စိပွင့်တယ်
ရဲရင့်စတမ်း။

✻ စာပေဂုဏ် လက်ဆင့်ကမ်း
အမိဝမ်း ပြည့်ဝသော်။
အသိပညာ ဗဟုသုပေါင်းလို့
ကြောင်းကျိုးကိုမျှော်။

✻ ဘဝအတွက်လည်း ထင်ပေါ်
ရှင်ပျော်လို့ ဂုဏ်ရည်ထူး။
အလိမ္မာ စာမှာရှိသမို့
များဘိကျေးဇူး။

စျာန်လေး(ပညာရေး)

## ယဉ်ကျေးမှုအနှစ်

***************

❂ ပျူငှာယဉ်ကျေး နှုတ်ချိုအေး
စကား ယဉ်ယဉ်လေး၊
သတင်းမွှေးလို့ ထင်ပေါ်လာ
လူတိုင်းစိတ်ချမ်းသာ၊
မေတ္တာပေးကာ ဖော်ရွေပဲ့
ဆက်ဆံထာဝရ၊
တတ်နိုင်သမျှ ကူညီကာ
သိမ်မွေ့ အမူရာ။

❂ လေးစားစွာ ပြုမူတော့
လူတိုင်းချစ်တာပေါ့
စိတ်ရင်းလှတော့ ကောင်းကျိုးထင်
ချမ်းမြေ့စိတ်ပျော်ရွှင်၊
အပြုံးပန်းပင် ဖူးပွင့်မွှေး
လူတိုင်းလက်ဆောင်ပေး၊
ဆင်မြန်းရှာသေး ဝေဝေဆာ
ရင်တွင်း မုဒိတာ၊
အလှဖြာလို့ သစ္စာစစ်
ယဉ်ကျေးမှုအနှစ်။

ချစ်စု(ပညာရေး)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဖွဲကပင်တောင်ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနား တက်ရောက်

**ဘားအံ အောက်တိုဘာ ၁၉**

ပြည်နယ်ဩဝါဒါစရိယ ဖွဲကပင်တောင်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇနဟိတဓရ သီရိပျံချီ ဘဒ္ဒန္တကဝိဓဇ ၏ သက်တော်(၈၆)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ၊ သာသနဇောတိကအုဋ္ဌ်ကျောင်း(ရာပြည့်) အထိမ်းအမှတ်နှင့် ကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ မဲဘောင်ကျောင်းတိုက် သာသနဇောတိကအုဋ္ဌ်ကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ ဖူးမြော်ကြည်ညို၍ ကထိန်လျာဥ_တ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဆရာတော်ကြီးများ၏ တပည့်၊ ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်များက ဖွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇနဟိတဓရ သီရိပျံချီ ဘဒ္ဒန္တကဝိဓဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များက ဖွဲကပင်တောင်ဆရာတော်ကြီးအား မွေးနေ့အလှူ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ကထိန်လျာဥ_တ်သင်္ကန်းနှင့် ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမကျောင်းဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ သုစိတ္တ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပညာသာမိ(တောမီရဟန်း)တို့ အမှူးပြုသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးတွင် ဘုရားဖူးများဖြင့် စည်ကား

**သံဖြူဇရပ် အောက်တိုဘာ ၁၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးတွင် ယနေ့နံနက်ပိုင်းမှစ၍ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့် သီတင်းကျွတ်ကာလ၌ စိတ်အေးချမ်းမြေ့စွာဖြင့် ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား ဖူးမြော်ကန်တော့ခြင်းနှင့် ငါးစာများကျွေးမွေးခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းသံဃာတော်များအား ဘုရားကြီးပရိဝုဏ်အတွင်းရှိ ရေလယ်ဘုန်းတော်ကြီးကျောင်းတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဖြင့် ဆက်ကပ်လှူဒါန်းခြင်းများကို သီတင်းကျွတ်လပြည့်နေ့မှစ၍ လပြည့်ကျော် ၅ ရက်အထိ ခြောက်ရက်တိုင်တိုင် လှူဒါန်းဆက်ကပ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပဲခူးရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ကုသိုလ်ပြုကြသူ ဘုရားဖူးလာ ပြည်သူများဖြင့် သီတင်းကျွတ် လပြည့်နေ့မှစ၍ အောက်တိုဘာ ၁၈ ရက်အထိ စည်ကားလျက်ရှိသည်။

ထို့ပြင် ပဲခူးမြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်ပညာယျစေတီတော်မြတ်တွင်လည်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ညစဉ်ဆီမီး ၇၀၀၀ ကပ်လှူပူဇော်ပွဲကျင်းပခဲ့ရာ ပွဲတော်လာပြည်သူများက ကုသိုလ်ပြု ဆီမီးပူဇော်ခဲ့ကြသည်။



အလားတူ ပဲခူးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ဟင်္သာကုန်းစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရား၊ မြသာလျောင်းဘုရား၊ မဟာစေတီ၊ ရွှေဂူကြီး၊ ရွှေဂူလေးစေတီတော်မြတ်များတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာအဖြစ် မုန့်မျိုးစုံ၊ ဖျော်ရည်၊ ရေသန့်များကို ကျွေးမွေးကြကာ ဝတ်ရွတ်အဖွဲ့များကလည်း အဘိဓမ္မာ ခုနစ်ကျမ်းကို ရွတ်ဖတ်ပူဇော်ကြသည်။

ထို့အပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တန်ဆောင်တိုင်ပွဲတော်ဖျော်ဖြေရေးယာဉ်ဖြင့် ပဲခူးမြို့အတွင်း ပြည်သူများအား နာမည်ကျော်တေးသီချင်းများဖြင့် လှည့်လည်သီဆို ဖျော်ဖြေခဲ့ကြသည်။ ရွှေမော်ဓောဘုရား ယာဉ်ရပ်နား စခန်းတွင်လည်း ဇာတ်ပွဲများဖြင့် စည်ကားစွာ ပြည်သူများအား ကပြဖျော်ဖြေခဲ့ကြသည်။

ပဲခူးမြို့တွင်းရှိ ပြည်သူများ၏ နေအိမ်များတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်း၊ မိသားစုအလိုက် မိဘ၊ ဆရာသမားများအား ကန်တော့ခြင်းတို့ကို ကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ ကျင်းပ

**သုံးခွ အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျေးရွာ ရွှေလက်ပန်နာရေးကူညီမှုအသင်းရုံး၌ ရွှေလက်ပန်နာရေးကူညီမှုအသင်းက ဦးဆောင်၍ (အဋ္ဌမ)အကြိမ် အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၈ ရက်က ကျင်းပသည်။

**ဂါရဝပြုလှူဒါန်း**

အခမ်းအနားတွင် ရွှေလက်ပန်နာရေးကူညီမှုအသင်းနာယက ဦးစိန်နွဲ့က သက်ကြီးပူဇော်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။




ထို့နောက် ကျေးရွာအတွင်းရှိ အသက် ၈၀ နှင့် အထက် ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏဇောတိ၊ ဘဒ္ဒန္တကဝိဓဇ၊ အသက် ၁၀၂ နှစ်ရှိ အဘွား ဒေါ်သန်းရွှေအပါအဝင် အဘိုး အဘွား ၃၄ ဦးတို့အား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ဆရာတော် နှစ်ပါးအား သင်္ကန်း၊ နဝကမ္မဝတ္ထုငွေကျပ် တစ်သိန်းစီ၊ ဘိုးဘွား ၃၄ ဦးတို့အား အဝတ်အထည်၊ တဘက်နှင့် ငွေကျပ် ၆၄၀၀၀ ကို ဂါရဝပြုလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

❂

## မအူပင်မြို့၌ (၁၁၂)ကြိမ်မြောက် တာဝတိံသာဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မအူပင် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၁၁၂)ကြိမ်မြောက် တာဝတိံသာ ဘုရားပွဲတော်ကို ယမန်နေ့မွန်းလွဲပိုင်းမှ စတင်၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ တာဝတိံသာဘုရားပွဲတော်တွင် မအူပင်မြို့ရှိ မဟာဗောဓိဘုန်းတော်ကြီးကျောင်းက ဦးဆောင်ကျင်းပပြီး မဟာဗောဓိတန်ဆောင်းတော်ကြီးမှ တာဝတိံသာ မြတ်စွာဘုရားသည် နတ်ဖြဟ္မာများခြံရံလျက် မြို့နယ်အတွင်း ဒေသစာရီကြွချီ အပူဇော်ခံရာလမ်းတစ်လျှောက်၌ အများပြည်သူများက ဖူးမြော်ကြည်ညိုခြင်း၊ စတုဒိသာများကျွေးမွေးလှူဒါန်းခြင်း၊ လှူဒါန်းဖွယ်ရာများဆက်ကပ်လှူဒါန်းခြင်းများဖြင့် ကုသိုလ်ပြုခဲ့ကြသည်။




မအူပင်မြို့တွင် တာဝတိံသာဘုရားပွဲတော်အား သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# မျိုးဆက်သစ်တို့၏ စွမ်းအားဖြင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြပါစို့

**ကိုဘုန်း(ထုတ်လုပ်)**









သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မိုးခေါင်ရေရှားခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ ရေခဲများအရည်ပျော်၍ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ရောဂါဘယများထူပြောခြင်း၊ အစားအစာနှင့် သောက်သုံးရေရှားပါးခြင်း စသည်တို့ဖြစ်သည်။ ထို့အပြင် လူနှင့် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများပျက်စီးခြင်း၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ယိုဖိတ်မှုကြောင့်ဖြစ်စေ၊ စက်မှုလုပ်ငန်းနှင့် အဏုမြူကြောင့်ဖြစ်စေ ပြည်သူတို့၏အခြေခံအဆောက်အအုံများ၊ အသက်အိုးအိမ်ပစ္စည်း၊ အသက်မွေးလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးကို ထိခိုက်ပျက်စီးမှုများလည်း ပါဝင်သည်။ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုအသိုင်းအဝိုင်းများ၏ သဘာဝပြောရေးကို အာမခံရန်အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသည် အလွန်အရေးကြီးပါသည်။ သဘာဝဘေးဆိုသည်မှာ ရှောင်ပြေး၍မရနိုင်သော ဖြစ်စဉ်ဖြစ်သဖြင့် ထိရောက်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခြင်းဖြင့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို သိသိသာသာ လျှော့ချနိုင်ပါသည်။

**အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့(IDNDRR)**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် နှစ်စဉ်ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အလေးထားပြီး ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ ဆယ်နှစ်တာကာလကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေးဆယ်စုနှစ် (The International Decade for Natural Disaster Risk Reduction – IDNDRR) အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထိုသို့ ဆယ်စုနှစ် အကောင်အထည်ဖော် ဆောင်ရွက်သော်လည်း ဘေးအန္တရာယ်များကြောင့် ထိခိုက်ခံရမှုများ သိသာစွာ လျော့နည်းသွားမှုများ မရှိသည့်အတွက် ဆယ်စုနှစ် အစီအစဉ် အကောင်အထည်ဖော်နေဆဲကာလဖြစ်သည့် ၁၉၉၄ ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပထမဆုံးအကြိမ် ကမ္ဘာ့ညီလာခံကို ကျင်းပပြီး ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးရေးတို့နှင့်ပတ်သက်သည့် ယိုကိုဟားမား မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် ကမ္ဘာ့ညီလာခံကို ဂျပန်နိုင်ငံ ယိုဂိုမြို့တွင် ကျင်းပခဲ့သည်။ ထို့နောက် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ယိုဂိုမူဘောင် (၂၀၀၅-၂၀၁၅) ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် တတိယအကြိမ် ကမ္ဘာ့ညီလာခံကိုကျင်းပခဲ့ပြီး ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀) ကိုလည်းကောင်း အသီးသီးရေးဆွဲ အကောင်အထည်ဖော်ခဲ့ကြပါသည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် ရေရှည်စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို လက်ငင်းအကျိုးကျေးဇူးများစွာ ပေးဆောင်ပါသည်။

**ပိုမိုကောင်းမွန်သော ဘေးကင်းရေးနှင့် ဆေးဘက်ဆိုင်ရာ အဆင်သင့်ဖြစ်ခြင်း**

ကြိုတင်သတိပေးစနစ်များ၊ မြှင့်တင်ထားသော အဆောက်အအုံများနှင့် ရပ်ရွာမှကြိုတင်ပြင်ဆင်မှု အစီအစဉ်များကဲ့သို့သော ထိရောက်သော ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများသည် ဘေးအန္တရာယ်များအတွင်း အသက်ကယ်ဆယ်ရန်နှင့် ထိခိုက်ဒဏ်ရာရသူအရေအတွက်ကို လျှော့ချရန်ကူညီပေးပြီး အကျပ်အတည်းများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် အရေးပေါ်ဝန်ဆောင်မှုများ ကြိုတင်ပြင်ဆင်ထားခြင်းသည် ပြည်သူ့ကျန်းမာရေးကို ပိုမိုကာကွယ်ပေးနိုင်ပါသည်။

**ရပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေး ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန်ဆောင်ရွက်ခြင်း**

ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေး (သို့မဟုတ်) ရေလွှမ်းမိုးမှုကာကွယ်ရေးကဲ့သို့ အန္တရာယ်လျော့ပါးရေး အဆောက်အအုံများကို အကောင်အထည်ဖော်ခြင်းသည် အိမ်များ၊ လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်းမှ ကာကွယ်နိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးနိုင်သဖြင့် ပိုင်ဆိုင်မှုပျက်စီးခြင်းကို လျှော့ချနိုင်သည်။ ထို့ကြောင့် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုကို လျှော့ချပေးကာ စီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖြစ်ပေါ်မှုကို အထောက်အကူပြုပါသည်။ ပျက်စီးမှုကို ကြိုတင်တားဆီးခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍနှစ်ခုလုံးအတွက် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး သိသိသာသာ လျော့ကျသွားနိုင်သည်။

**ပြည်သူလူထု၏ပူးပေါင်းမှုဖြင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ပြီး နည်းပညာ ဆန်းသစ်တီထွင်မှုကို တွန်းအားပေးနိုင်ခြင်း**

ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ် ပြင်ဆင်မှုကို မြှင့်တင်ပေးနိုင်သည်။ ထိရောက်သော ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများ ထားရှိခြင်းသည် ဒေသခံပြည်သူများအား စိတ်အေးချမ်းမှုရရှိစေပြီး ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် စိုးရိမ်ပူပန်မှုများကို လျှော့ချပေးပါသည်။ ဒီရေတောနှင့် သစ်တောများ ထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ကျန်းမာရေးကို အကျိုးရှိစေပါသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် နည်းပညာဆန်းသစ်တီထွင်မှုများကို တွန်းအားပေးပြီး ကဏ္ဍမျိုးစုံတွင် အသုံးချနိုင်သော တိုးတက်မှုများဆီသို့ ဦးတည်စေပါသည်။

**မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံသည် ယိုဂိုမူဘောင်နှင့် ဆန်ဒိုင်းမူဘောင်ပါ လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံ၏ ရေမြေသဘာဝနှင့် တည်ရှိမှုအနေအထားများအရ ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များကို မိမိတို့တွင်ရှိသည့် အရင်းအမြစ်များနှင့် လိုက်လျောညီထွေသော လုပ်ငန်းစီမံချက်များ၊ ဖွဲ့စည်းဆောင်ရွက်မှုများဖြင့် စီမံခန့်ခွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်မှစပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ကာ ကမ္ဘာပေါ်တွင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေနှင့် ဖြစ်ပွားနိုင်ခြေများပြားပြီး ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ မြင့်မားသည့် နေရာဒေသများ၊ သက်ရှိ၊ သက်မဲ့များ၊ သဘာဝပတ်ဝန်းကျင်များကို ဖျက်ဆီးခံရမှု၊ ထိခိုက်စေမှု၊ ဆုံးရှုံးစေမှုများမှ ကာကွယ်ပေးနိုင်ရန်၊ လျှော့ချပေးနိုင်ရန်၊ လျော့ပါးစေရန်အတွက် ပြီးခဲ့သည့်ဖြစ်စဉ်၊ ဖြစ်ရပ်များအပေါ် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး ကျယ်ပြန့်သည့် အသိပညာဖြန့်ဝေမှု လုပ်ငန်းစဉ်ကြီး ဖြစ်ထွန်းလာရေးကို ရည်မှန်းပြီးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အမျိုးသားအဆင့်၊ ရပ်ရွာလူထုအဆင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို နိုင်ငံတကာကူညီထောက်ပံ့သူများ၊ အဖွဲ့အစည်းများဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုမှ ကောင်းမွန်တိုးတက်သည့် ရလဒ်ကောင်းများရရှိခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးစသော ကမ္ဘာမြေထိန်းသိမ်းရေးကိစ္စရပ်များကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပထမအကြိမ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံ (First UN Environmental Conference)၊ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာမြေထိပ်သီးအစည်းအဝေး (World Earth Summit) စသော ညီလာခံများ၊ အစည်းအဝေးများကို မြန်မာနိုင်ငံ တက်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (Climate Change Convention) ကျိုတိုသဘောတူစာချုပ် (Kyoto Protocol)၊ Bali Roadmap၊ ပဲရစ်(စ်) သဘောတူညီချက် (Paris Agreement) အစရှိသည့်စာချုပ်များ၊ သဘောတူညီချက်များစွာအား ကမ္ဘာ့နိုင်ငံအများစုနှင့်အတူ ဆောင်ရွက်ခဲ့သည်။

**မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံသည် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်၊ မာလာ၊ ဂီရိနှင့် နာဂစ်စသည့် မုန်တိုင်းအန္တရာယ်များကို တွေ့ကြုံခဲ့ရပြီး ၂၀၀၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းသည် အပြင်းထန်ဆုံးဖြစ်ခဲ့ကာ ပြည်သူပေါင်း တစ်သိန်းသုံးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ဘီလီယံကျော်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် မေလတွင်လည်း အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး မိုခါ (MOCHA)နှင့် ရင်ဆိုင်ခဲ့ရသည်။

မိုခါမုန်တိုင်းသတင်းကို သိရှိရသဖြင့် မေလ ၆ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဦးစီး၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။ ထို့နောက်မိုခါမုန်တိုင်းကို အပိုင်းသုံးပိုင်းဖြင့် ရင်ဆိုင်ဖြေရှင်းရန်စီစဉ်ပြီး ပထမပိုင်းသည် ကြိုတင်ပြင်ဆင်ခြင်း၊ **စာမျက်နှာ ၂၄ သို့** ✪

**ကမ္ဘာအရပ်ရပ်တွင် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ခံစားရလျက်ရှိပြီး ထိုဘေးအန္တရာယ်များအနက် သဘာဝဘေးအန္တရာယ်မှာ အများဆုံးနှင့် ဒုက္ခအပေးဆုံးဖြစ်သည်။ သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်တိုင်း လူတို့၏အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးစေသည်သာမက နဂိုအခြေအနေသို့ ရောက်ရှိအောင် ပြန်လည်ထူထောင်ရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးရပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်မကျရောက်မီကပင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ မလွဲမသွေပြုလုပ်ရန် လိုအပ်ပါသည်။ လူသားတို့၏ စည်းကမ်းမဲ့လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင်မှာ တစ်စတစ်စ ယိုယွင်းပျက်စီးလာသဖြင့် ရာသီဥတုသည် ပုံမှန်မဟုတ်တော့ဘဲ ပြောင်းလဲလာပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများ ဖိတ်ခေါ်ဖလား အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ တက်ရောက်ဖွင့်လှစ်ပေး



မြစ်ကြီးနား အောက်တိုဘာ ၁၉

ကချင်ပြည်နယ်အတွင်းရှိ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့် ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများ၏ ၂၀၂၄ ခုနှစ် တတိယအကြိမ်မြောက် ရှမ်းမျိုးနွယ်စုများ ဖိတ်ခေါ်ဖလား အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်းရှိ နောင်ရာဖူဆယ်ကလပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးကြသည်။


ဦးစွာ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများက ရှမ်းရိုးရာတေးသီချင်းအကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့မှ ဖူဆယ်ဘောလုံးအသင်း ၁၀ သင်းမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပြိုင်ပွဲအတွက် ချီးမြှင့်ငွေကျပ်သိန်း ၃၀ ကို ရှမ်းမျိုးနွယ်စုဥက္ကဋ္ဌထံသို့လည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက အားကစားပစ္စည်းများကို ပြိုင်ပွဲကျင်းပရေးကော်မတီထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းတိုင်းရင်းသားမျိုးနွယ်စု ဖိတ်ခေါ်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် ကွင်းအတွင်း ဘောလုံးကန်သွင်း ဖွင့်လှစ်ပေးပြီး အဖွင့်ပွဲစဉ်အဖြစ် မိုင်းနား(က)အသင်းနှင့် နောင်ခမ်း(က)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။


ပြည်နယ်(ပြန်/ဆက်)

---

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ**




**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ**




## ■ လေဖိအားနည်းရပ်ဝန်းမှ

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

---

❂ စာမျက်နှာ ၂၃ မှ

ဒုတိယပိုင်းသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တတိယပိုင်းသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများအား မေလ ၆ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ သတင်းများထုတ်ပြန်ခဲ့ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဌာနအသီးသီးတို့မှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်မှုများအား မုန်တိုင်းမဖြစ်ပေါ်မီ ကိုးရက်ကြိုတင်၍ စနစ်တကျအသေးစိတ်စီစဉ်နိုင်ခဲ့သည်။ မေလ ၆ ရက်နေ့မှစ၍ မုန်တိုင်းသတင်းကို ရုပ်မြင်သံကြားများမှ နေ့စဉ်ဖော်ပြခဲ့သလို မုန်တိုင်းနီးကပ်လာသည့် မေလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ သတိပေးချက်များကို ဆက်တိုက်ထုတ်ပြန်ခဲ့ပြီး မေလ ၁၁ ရက်နေ့၌ မုန်တိုင်းဒီရေ အထူးသတိပေးချက်ထုတ်ပြန်ခဲ့ပြီး ရေလွှမ်းမိုးနိုင်မည့် နေရာများအား တိကျစွာဖော်ပြပေးခဲ့သည်။ ပြည်သူများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကယ်ဆယ်ရေးတပ်ဖွဲ့များက ကူညီဆောင်ရွက်ပေးသောကြောင့် အချိန်မီရွှေ့ပြောင်းပေးနိုင်သဖြင့် မုန်တိုင်းတိုက်ခတ်မှု ခံခဲ့ရချိန်တွင် မတော်တဆမှုကြောင့်သာ အနည်းငယ် အသက်သေဆုံးခဲ့ရပါသည်။

မုန်တိုင်းဖြစ်ပြီး နောက်တစ်ရက်တွင် နိုင်ငံတော်အကြီးအကဲက လေယာဉ်ကွင်းများကို အရင်ဆုံးရှင်းလင်းပြီး လေယာဉ်ဆင်းနိုင်အောင် ဆောင်ရွက်ရန်မှာကြားခဲ့သည်။ ထိုနေ့၌ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့စီးနင်းလိုက်ပါသည့် လေယာဉ်ဆင်းသက်ခဲ့ပြီး အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်သည့် လေယာဉ်များ၊ စီမံခန့်ခွဲရေးလုပ်ငန်းဆောင်ရွက်မည့် လေယာဉ်များသည် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စားသောက်ကုန်များ၊ ဆေးဝါးများ၊ လူသုံးကုန်များ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းပြင်ဆင်ရေးပစ္စည်းများ၊ စက်သုံးဆီ စသည့်ကူညီထောက်ပံ့ရေးပစ္စည်းများအားပို့ဆောင်ခဲ့သည်။ ထို့ပြင်ဌာနဆိုင်ရာအလိုက် ကျွမ်းကျင်ပညာရှင်များ၊ မီးသတ်တပ်ဖွဲ့နှင့် ပရဟိတကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်မှ ကြိုတင်စုဖွဲ့ထားသော ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ အင်ဂျင်နီယာတပ်ဖွဲ့များ၊ ဆေးကုသရေးအဖွဲ့များ၊ ထောက်ပံ့ရေးအဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြပါသည်။

ကမ္ဘာအရပ်ရပ်တွင် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ခံစားရလျက်ရှိပြီး ထိုဘေးအန္တရာယ်များအနက် သဘာဝဘေးအန္တရာယ်မှာ အများဆုံးနှင့် ဒုက္ခအပေးဆုံးဖြစ်သည်။ သဘာဝဘေးအန္တရာယ် တစ်ခုကျရောက်တိုင်း လူတို့၏အသက်အိုးအိမ် စည်းစိမ်များ ထိခိုက်ပျက်စီးစေသည်သာမက နဂိုအခြေအနေသို့ ရောက်ရှိအောင် ပြန်လည်ထူထောင်ရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးရပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်မကျရောက်မီကပင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ မလွဲမသွေပြုလုပ်ရန် လိုအပ်ပါသည်။ လူသားတို့၏ စည်းကမ်းမဲ့လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင်မှာ တစ်စတစ်စ ယိုယွင်းပျက်စီးလာသဖြင့် ရာသီဥတုသည် ပုံမှန်မဟုတ်တော့ဘဲ ပြောင်းလဲလာပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာများကို ပါဝင်ဆောင်ရွက်ကြပြီး ထိရောက်သောသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများဖြင့် အနာဂတ်တွင် မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်ရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကိုးကား – မြန်မာ့အလင်းနေ့စဉ်သတင်းစာ
– ကြေးမုံနေ့စဉ်သတင်းစာ
– မြဝတီနေ့စဉ်သတင်းစာ
– https://iddrr.undrr.or

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

# ဆားငန်မြေအတွက်အားထား "ရေမောင်"စပါး

ပမွား

စပါးသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကစားသုံး သီးနှံဖြစ်ပြီး အရေးကြီးသော သီးနှံတစ်ခုလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စုစုပေါင်းစပါး စိုက်ဧရိယာ ၁၄၉၈၇၄၇၅ ဧကရှိသည့်အနက် ဆားငန်ရေဝင် ၁၇၄၉၂၅ ဧက ရှိပါသည်။ (ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ၂၀၂၃-၂၀၂၄) ဆားငန်ရေဝင်ဧရိယာအများဆုံးဒေသမှာ ဧရာဝတီတိုင်းဒေသကြီး ဖြစ်ပြီး ၁၅၁၉၇၅ ဧကရှိပါသည်။ ရာသီဥတုပြောင်းလဲလာမှုအကျိုးဆက်ကြောင့် စပါးစိုက်ပျိုးသော မြေဆီလွှာအတွင်း ဆားငန်ဓာတ်သိသာစွာ မြင့်မားလာမှုပြဿနာကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဆားငန်ဓာတ်မြင့်မားလာခြင်းသည် ကမ္ဘာအနှံ့ စပါးစိုက်ပျိုးထုတ်လုပ်ခြင်းအပေါ်၌ သိသိသာသာ ဆိုးကျိုးသက်ရောက်စေသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ဆားငန်ဒဏ်ခံနိုင်သော မိရိုးဖလာစပါးမျိုးနှင့် မြေအခြေအနေတိုးတက်ကောင်းမွန်စေနိုင်သော စိုက်ပျိုးနည်းစနစ်များကို လက်ခံကျင့်သုံးစိုက်ပျိုးလာမှု များပြားလာပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစတင်ကာ ဆားငန်ဒဏ်မြင့်မားမှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသောဒေသများတွင် နိုင်ငံတကာဆန်စပါးသုတေသနအဖွဲ့အစည်း(IRRI) နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) တို့ပူးပေါင်းကာ သုတေသနများ ပြုလုပ်ခဲ့ပါသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များနှင့်အတူ ဒေသခံတောင်သူများ ပူးပေါင်းပါဝင်ကာ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းသော ဆားငန်ဒဏ်ခံစပါးမျိုးသစ်များ စမ်းသပ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

စပါးသီးနှံကို ဆားငန်ဒဏ်ခံနိုင်ရည်ရှိမှုနည်းသော သီးနှံအဖြစ် ယေဘုယျအားဖြင့် သတ်မှတ်ကြပါသည်။ စပါးသီးနှံအထွက်နှုန်းသည် သွင်းရေတွင် ပါဝင်သော ဆားပြင်းအား သုံးမီလီမိုးနှင့်အထက် ရောက်ရှိပါက ဆားငန်ဓာတ်ကြောင့် အထွက်နှုန်းအပေါ်တွင်သိသာစွာ ထိခိုက်နိုင်ပါသည်။ စပါးပင်အပေါ် ဆားငန်ဓာတ်၏ အကျိုးသက်ရောက်မှုသည် ဆားဓာတ်၏ ပြင်းထန်မှု၊ မြေဆီလွှာဆိုင်ရာ ဂုဏ်သတ္တိများ၊ ရေစနစ်၊ သီးနှံကြီးထွားမှုအဆင့်၊ ထိတွေ့မှုကြာချိန်၊ အပူချိန်၊ စိုထိုင်းဆနှင့် နေရောင်ခြည် လုံလောက်စွာရရှိမှုတို့အပြင် အဆိုပါအချက်များနှင့် စိုက်ပျိုးမှုလိုက်လျောညီထွေရှိမှုတို့အပေါ် မူတည်နေပါသည်။ ဆားငန်ဒဏ်ကြောင့် စပါးအထွက်နှုန်းကျဆင်းမှု ပမာဏမှာ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိရှိနိုင်ပြီး ဆားပြင်းအားဒဏ်ခံနိုင်ရည်မြင့်မားသောမျိုးများ မရရှိခြင်းကြောင့်လည်း တောင်သူများမှာ ဒေသတွင်းရရှိနိုင်သောမျိုးများကိုသာ ပုံမှန်အားထား စိုက်ပျိုးနေကြရပါသည်။ ထို့ကြောင့် လူဦးရေတိုးပွားမှုနှင့် စားရေရိက္ခာထုတ်လုပ်မှုကို အရှိန်အဟုန်ထိန်းထားရန်နှင့် အထွက်နှုန်းကွာဟမှုကို လျှော့ချရန်အတွက် တစ်ယူနစ်အလိုက် ဧရိယာ၏ စပါးအထွက်နှုန်းကို မြှင့်တင်ရန် လိုအပ်လာပါသည်။



ရေမြေဒေသနှင့်သင့်လျော်ပြီး ဆားငန်ဒဏ်ခံနိုင်၍ အထွက်နှုန်းမြင့်မားသော မျိုးများသည် မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးသည့် ဂေဟစနစ်ကို ထိန်းညှိနိုင်ပြီး စပါး၏အထွက်နှုန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကုန်းတွင်းဆားပေါက်မြေ၊ ဆပ်ပြာပေါက်မြေနှင့် ဆားငန်မြေ (ဒီရေလွှမ်းမြေ)များအတွက်ရည်ရွယ်၍ ဆားငန်ဒဏ်ခံ စပါးသုတေသနများကို နှစ်စဉ်ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)၊ ကျောက်ဆည် စိုက်ပျိုးရေးသုတေသနခြံနှင့် ဒေသသုတေသနဗဟိုဌာန (ဇလုပ်) တို့တွင်လည်း ဆားငန်ဒဏ် အသင့်အတင့်ခံနိုင်ရည်ရှိသော ဆားငန်ခံစပါးသုတေသနစမ်းသပ်ခြင်းများကို စဉ်ဆက်မပြတ်သုတေသနပြု ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)အနေဖြင့် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ စားသုံးသူများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒေသအလိုက်သင့်လျော်မည့် သီးနှံမျိုးများ ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ဖော်ထုတ်ခြင်းနှင့် စိုက်ပျိုးသူလက်ဝယ်သို့ မျိုးနှင့်နည်းပညာများရောက်ရှိရေး ပညာပေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)မှ သုတေသနပညာရှင်များသည် ရေ၊ မြေ၊ ဒေသနှင့် ကိုက်ညီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သောမျိုးများ၊ မိုးကောင်းသောက် လယ်စပါးမျိုးများ၊ အရည်အသွေးကောင်းစပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများ၊ ဆားငန်ခံစပါးမျိုးများနှင့် ဆည်ရေသောက်စပါးမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်း၊ မျိုးနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ ပြဿနာများကို ကူညီဖြေရှင်းပေးခြင်း၊ စပါးမျိုးသန့်အဆင့်ဆင့်ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းနှင့် တောင်သူများသို့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေခြင်းလုပ်ငန်းများ စသည်တို့ကို နှစ်စဉ် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

စပါးသီးနှံသုတေသနအနေဖြင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ရေမြေဒေသနှင့် သင့်လျော်သော ဈေးကွက်ဝင်စပါးသုတေသနများ ဆောင်ရွက်လျက်ရှိပြီး မိုးရာသီတွင် မိုးကောင်းသောက် လယ်စပါးသုတေသန၊ အရည်အသွေးကောင်းစပါးသုတေသန၊ ရေကြီးကွင်းဒေသများအတွက် ရေမြုပ်ခံစပါးသုတေသနနှင့် မိုးနှောင်း/နွေရာသီတွင် ဆည်ရေသောက်စပါးသုတေသန၊ အရည်အသွေးကောင်းစပါးသုတေသန၊ ဆားငန်ရေဝင်ဒေသများအတွက် ဆားငန်ခံစပါးသုတေသနများကို ရာသီအလိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ များပြားလှသော သုတေသနများကို နှစ်စဉ်ဆောင်ရွက်ပြီး ရရှိလာသောသုတေသန ရလဒ်ကောင်းများထဲမှ တစ်ခုဖြစ်သော ဆားငန်ခံစပါး ရေမောင်စပါးမျိုး၏ ဖြစ်ပေါ်လာပုံနှင့် ဆားငန်ရေဝင်ဒေသများနှင့် ကုန်းတွင်းဆားပေါက်ဒေသများအတွက် အသုံးဝင်မှုကို ဖော်ပြလိုက်ရပါသည်။

**ရေမောင်ဆားငန်ခံစပါးမျိုးဖြစ်ပေါ်လာပုံသမိုင်း**

**ရေမောင်** ဆားငန်ခံစပါးမျိုးသည် ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)သို့ ၂၀၁၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန (IRRI) မှ ရောက်ရှိလာသော ဆားငန်ခံစပါးမျိုးလိုင်း ၃၃ မျိုးထဲမှ ပဏာမအဆင့်မှသည် မျိုးအဆင့်ဆင့်ယှဉ်ပြိုင်ရွေးချယ်ခြင်းမှ ထွက်ပေါ်လာသောမျိုးတစ်မျိုး ဖြစ်ပါသည်။

ဆားငန်ရေဝင်ရောက်မှုရှိသည့် ဒေသများဖြစ်သော ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ၊ ဘိုကလေး၊ ငပုတော၊ လပွတ္တာ၊ ဒေးဒရဲနှင့် ဖျာပုံမြို့နယ်များရှိ တောင်သူအခြေပြုသုတေသနစခန်းများတွင် ဆန်စက်ပိုင်ရှင်များ၊ တောင်သူများနှင့်အတူ မျိုးရွေးချယ်သော ကွင်းသရုပ်ပြပွဲများပြုလုပ်ပြီး ၂၀၁၉ ခုနှစ် နွေရာသီမှစတင်၍ ၂၀၂၃ ခုနှစ် နွေရာသီအထိ အဆင့်ဆင့်စိစစ်ရွေးချယ်ကာ ဆားပြင်းအားဒဏ် ရှစ်မှ ၁၂ မီလီမိုးအထိ ခံနိုင်ရည်ရှိပြီး ဒေသနှင့်ကိုက်ညီသော ရေမောင်မျိုးကိုရရှိခဲ့ပါသည်။ ၎င်းမျိုးကို မှတ်ပုံတင်နိုင်ရန် ရေဆင်းစပါးသီးနှံသုတေသနဗဟိုဌာနနှင့် ကျောက်ဆည်စိုက်ပျိုးရေးသုတေသနခြံတို့တွင် ထပ်မံစမ်းသပ်အောင်မြင်ခဲ့၍ (၂၆) ကြိမ်မြောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ မျိုးသစ်အသိအမှတ်ပြု လက်မှတ်ရရှိခဲ့ပါသည်။

**ရေမောင်ဆားငန်ခံစပါးမျိုး၏ ထူးခြားမှု**

ရေမောင်ဆားငန်ခံစပါးမျိုးသည် အသက် ရက် ၁၁၈ ရက်၊ ဆန်ထွက်ရာခိုင်နှုန်း ၄၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် ပျမ်းမျှအထွက်နှုန်း တင်း ၈၀ မှ ၁၀၀ အထိ ထွက်ရှိပြီး ဆားပြင်းအားဒဏ် ရှစ်မှ ၁၂ မီလီမိုးအထိ ခံနိုင်ရည်ရှိခဲ့ပါသည်။ ဆားငန်ရေဝင်ဧရိယာများသော ဧရာဝတီတိုင်းဒေသကြီးရှိ ဆားငန်ဒီရေဝင်ရောက်သော ရိုးပြတ်ကျန်နွေစပါးစိုက်ခင်းများအတွက် အထူးသင့်လျော်ပြီး ရာသီမရွေးစိုက်ပျိုးနိုင်ပါသည်။ ဒေသတွင်း နွေစပါးစိုက်တောင်သူများ ပုံမှန်စိုက်ပျိုးလေ့ရှိသော ရက် ၉၀ စပါး၊ သီးထပ်ရင်စပါးမျိုးများနှင့် နှိုင်းယှဉ်လျှင် အထွက်နှုန်းသိသာစွာကွာခြားမှုမရှိသည်ကို တွေ့ရှိရပါသည်။ စံထားမျိုးအဖြစ် စမ်းသပ်စိုက်ပျိုးလေ့ရှိသော ဆားငန်ခံ-၄ စပါးမျိုးနှင့် အထွက်နှုန်းနှိုင်းယှဉ်လျှင်လည်း ပျမ်းမျှအထွက်နှုန်း ၁၀ တင်းခန့် သာလွန်သည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(မြောင်းမြ) အနေဖြင့် ဒေသနှင့်ကိုက်ညီ၍ ဈေးကွက်ဝင် အထွက်ကောင်း၊ အရည်အသွေးကောင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး ရာသီဥတုနှင့်သဟဇာတဖြစ်သော စပါးမျိုးများအား ရှာဖွေဖော်ထုတ်သည့် သုတေသနလုပ်ငန်းများ အပါအဝင် မျိုးသန့်စပါးများ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လမ်းညွှန်ချက်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အားပေးကူညီမှုတို့ဖြင့် တိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ရာ ရေမောင်ဆားငန်ခံစပါးမျိုးသည်လည်း သုတေသနရလဒ်ကောင်းအဖြစ် ပေါ်ထွက်ခဲ့ကြောင်း တင်ပြလိုက်ရပါသည်။ ။




"ရေမောင်ဆားငန်ခံစပါးမျိုးသည် အသက် ရက် ၁၁၈ ရက်၊ ဆန်ထွက်ရာခိုင်နှုန်း ၄၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် ပျမ်းမျှအထွက်နှုန်း တင်း ၈၀ မှ ၁၀၀ အထိ ထွက်ရှိပြီး ဆားပြင်းအားဒဏ် ရှစ်မှ ၁၂ မီလီမိုးအထိ ခံနိုင်ရည်ရှိခဲ့ပါသည်။ ဆားငန်ရေဝင်ဧရိယာများသော ဧရာဝတီတိုင်းဒေသကြီးရှိ ဆားငန်ဒီရေဝင်ရောက်သော ရိုးပြတ်ကျန် နွေစပါးစိုက်ခင်းများအတွက် အထူးသင့်လျော်ပြီး ရာသီမရွေးစိုက်ပျိုးနိုင်ပါသည်။ ဒေသတွင်း နွေစပါးစိုက်တောင်သူများ ပုံမှန်စိုက်ပျိုးလေ့ရှိသော ရက် ၉၀ စပါး၊ သီးထပ်ရင်စပါးမျိုးများနှင့် နှိုင်းယှဉ်လျှင် အထွက်နှုန်းသိသာစွာ ကွာခြားမှုမရှိသည်ကို တွေ့ရှိရပါသည်။ စံထားမျိုးအဖြစ် စမ်းသပ်စိုက်ပျိုးလေ့ရှိသော ဆားငန်ခံ-၄ စပါးမျိုးနှင့် အထွက်နှုန်းနှိုင်းယှဉ်လျှင်လည်း ပျမ်းမျှအထွက်နှုန်း ၁၀ တင်းခန့် သာလွန်"

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကမ္ဘာကြီးပူနွေးလာမှု ဘယ်လိုဖြေရှင်းဆောင်ရွက်ကြမလဲ

**စိုးသူရ**



ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် ရာစုသစ်တွင် တဖြည်းဖြည်း ပူနွေးလာနေပြီး ထိုသို့ပူနွေးလာမှုမှတစ်ဆင့် လူသားများ ကျန်းမာရေးထိခိုက်မှု၊ စိုက်ပျိုးသီးနှံများ လုံလောက်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် အခြားသော သဘာဝဘေးများကို အများအပြား ဖြစ်ပွားစေလျက်ရှိသည်။

ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများပြားလာခြင်းနှင့် သစ်ပင်များကို စည်းကမ်းမဲ့ခုတ်ခြင်းကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာပြီး ကမ္ဘာကြီးပူနွေးမှု ဖြစ်လာရကြောင်း ပညာရှင်များက သုံးသပ်ကြသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အကျိုးဆက်အဖြစ် ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်ခြင်း၊ မိုးခေါင်ခြင်းကြောင့် သီးနှံများ စိုက်ပျိုးရန်ခက်ခဲခြင်း၊ လူသားများ သောက်သုံးရန် သန့်ရှင်းသောရေရရှိမှု နည်းပါးလာခြင်း၊ ရာသီဥတုပြောင်းလဲမှုများပြင်းထန်လာခြင်းနှင့် လူ့သက်တမ်းများ ပုံမှန်ထက် တိုလာခြင်းတို့ဖြစ်လာသည်။

### ရောဂါဘယများ အများအပြားဖြစ်ပွား

ကမ္ဘာကြီးပူနွေးလာမှုနှင့် အတူ လေထုအရည်အသွေး ကျဆင်းလာမှုကြောင့် လူသားများတွင် ပန်းနာရင်ကျပ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပါအဝင် နှလုံးရောဂါဖြစ်ပွားမှုများ မြင့်တက်လာသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာပြီး လေထုအရည်အသွေး ကျဆင်းပါက လေထုထဲတွင် ဗိုင်းရပ်စ်ပိုးများ ပျံ့နှံ့ကာ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ ကင်ဆာရောဂါများအပြင် လေထုထဲမှတစ်ဆင့် ကူးစက်ရောဂါများ ပြန့်ပွားလာနိုင်သည်။ ကမ္ဘာကြီး အပူချိန်မြင့်တက်လာမှုကြောင့် သန့်ရှင်းသော သောက်သုံးရေရှားပါးလာမှုနှင့်အတူ ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားသည့် ရောဂါများအပါအဝင် လေသင်တုန်းဖြတ်ခြင်းနှင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားမှုများ တိုးပွားလာနိုင်သည်။ ထို့ပြင်လေထုအရည်အသွေး ကျဆင်းလာသဖြင့် လေထုထဲတွင် မျက်စိဖြင့် မမြင်တွေ့နိုင်သည့် ဗိုင်းရပ်စ်ပိုးများ အလွယ်တကူပျံ့နှံ့လာကာ လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

### ရာသီဥတုညီလာခံကျင်းပ

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုများကို တားဆီးရန်အတွက် ကုလသမဂ္ဂ ရာသီဥတုညီလာခံကို အာရပ်စော်ဘွားများပြည်ထောင်စုဒူဘိုင်းတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ကျင်းပခဲ့သည်။ ၎င်းညီလာခံတွင် ကမ္ဘာ၏ အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် အထိသာ ထားရှိရန် ပညာရှင်များက သဘောတူညီခဲ့သည်။ ထို့ပြင် ၂၀၅၀ ပြည့်နှစ်တွင် စွမ်းအင်ကဏ္ဍ၌ ကာဗွန်ထုတ်လွှတ်မှု သုညအဆင့် ရောက်ရှိရေးအတွက်လည်း သဘောတူညီခဲ့ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုများပြားပြီး ကမ္ဘာကြီးပူနွေးလာမှုအတွက် တာဝန်ရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံများက ငွေကြေးနှင့် လိုအပ်သည်များ ပံ့ပိုးရေးအတွက်လည်း ညီလာခံတက်ရောက်လာသူများက အတည်ပြုခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးရေးအတွက် ဆောင်ရွက်ရာတွင်အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်က ပိုမိုထိရောက်အောင်မြင်နိုင်သည်။

### (၁) သစ်ပင်စိုက်ပျိုးခြင်း

သစ်ပင်များသည် လူသားများအတွက် အရေးကြီးသည့် အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးနိုင်သည့်အပြင် အပူချိန်ကိုလည်း လျှော့ချပေးနိုင်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးရာတွင် ထိရောက်သည့် နည်းလမ်းဖြစ်သည်။ နှစ်ရှည်အရိပ်ရအပင်များကို စိုက်ပျိုးသင့်သည်။

### (၂) ရုပ်ကြွင်းလောင်စာအသုံးပြုမှုလျှော့ချခြင်း

စက်မှုလုပ်ငန်းများတွင် ကျောက်မီးသွေးကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို အသုံးပြုမှုကိုလျှော့ချပြီး လေစွမ်းအင်ဖြင့် ထုတ်လုပ်သည့်လျှပ်စစ်အရင်းအမြစ်များကို ရယူသုံးစွဲသင့်သည်။

### (၃) သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ လျှပ်စစ်ယာဉ်အသုံးပြုခြင်း

သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ လျှပ်စစ်ယာဉ်များ အသုံးပြုခြင်းသည် စွမ်းအင်ပြန်နီးတီးမှုကို ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချနိုင်ကာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချနိုင်သဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးနိုင်သည်။

နိဂုံးချုပ်အားဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို စနစ်တကျလျှော့ချခြင်းဖြင့် သာယာလှပသည့် ကမ္ဘာဖြစ်လာမည်ဖြစ်သည်။

**ကိုးကား - UN Climate Conference COP 28 news**




## ကျောက်ဆည်မြို့နယ်ရှိ သံခဲမြောင်းတွင် ပျက်စီးနေသော လိုင်နင်များ ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် သံခဲမြောင်း၌ ပျက်စီးနေသော လိုင်နင်များအား ပြန်လည်ပြုပြင်ပေးခဲ့သည်။



### ရေအလေအလွင့်များဖြစ်ပေါ်

အဆိုပါ ပျက်စီးနေသော လိုင်နင်များသည် ကျောက်ဆည်မြို့နယ် ဒါန်းကျေးရွာအနီး သံခဲမြောင်း၏ ရန်ကုန်- မန္တလေး ကားလမ်းဖြတ်ကူးသည့် တံတားအောက်ဘက်တွင် တည်ရှိပြီး လိုင်နင်များသည် နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် ချို့ယွင်းပျက်စီးနေရာ စိုက်ပျိုးရေများ ပေးဝေရာတွင် ရေအလေအလွင့်များ ဖြစ်ပေါ်နေသောကြောင့် အုတ်လိုင်နင်အဟောင်းများ ထပ်မံမပျက်စီးစေရန်အတွက် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် မြောင်း၏ ဝဲ/ယာ ၂၇၅ ပေအား အပေါ်မှ သုံးလက်မဒု ကွန်ကရစ်လောင်းခြင်းနှင့် ကွန်ကရစ်လိုင်နစ်အသစ်များ ဆောင်ရွက်ပေးခဲ့သည်။

လိုင်နင်အသစ်များ ပြန်လည်ပြုပြင်ပေးခြင်းကြောင့် သံခဲမြောင်းသည် သန့်ရှင်းသပ်ရပ်မှုများဖြင့် ရေစီးရေလာကောင်းမွန်လာပြီး ရေသောက်ဧရိယာ သီးနှံမျိုးစုံ စိုက်ဧက ၂၄၅ ဧကအား ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစွာဖြင့် မြောင်းအဆုံး၊ မြောင်းအဖျားအထိ ရေအခက်အခဲမရှိ ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## "ဒဂုံမြို့သစ်မြေကွက်များ ဝယ်လိုပါသည်"

ဒဂုံဆိပ်ကမ်း (၆၀/၆၁/၇၇/၇၈/၇၉/၈၀/၈၁/၈၂/၈၃/၈၄/၈၅/၈၆/၈၇/၈၈/၈၉/၉၀/၉၁/၁၄၈/၁၄၉/၁၅၀/၁၅၁) ရပ်ကွက်နှင့် ဒဂုံအရှေ့ (၁၀၈/၁၁၈/၁၁၉/၁၂၀/၁၂၁/၁၂၂/၁၂၃/၁၂၄/၁၂၅/၁၂၆/၁၂၇/၁၂၈/၁၂၉/၁၃၀/၁၃၁/၁၃၂/၁၅၅/၁၅၆/၁၅၇/၁၅၈/၁၅၉/၁၆၀)ရပ်ကွက်၊ တ/ဒဂုံ (၁၄၅/၁၄၆/၁၄၇/၁၅၂/၁၅၃/၁၅၄) ရပ်ကွက်ရှိ မြေကွက်များကို ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**Ph: 01-7539922, 09-5134630, 09-798891857 (မြတ်တော်ဝင်)**

## ဒဂုံတက္ကသိုလ်
## နေ့ သင်တန်း
## (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ် (နေ့သင်တန်း) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်များ၏ ၂၀၂၃ ခုနှစ်၊ မတ်လ၊ စက်တင်ဘာလနှင့် ၂၀၂၄ ခုနှစ်၊ မတ်လများတွင် ကျင်းပခဲ့သော မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်-

**၁။ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၈-၁၁-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)**

**နံနက်ပိုင်း - နံနက် (၉:၀၀)နာရီ**

**မဟာဝိဇ္ဇာဘွဲ့** - မြန်မာစာ၊ နိုင်ငံတကာဆက်ဆံရေးပညာ
**မဟာသိပ္ပံဘွဲ့** - ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ
**ဝိဇ္ဇာဂုဏ်ထူးဘွဲ့** - မြန်မာစာ
**သိပ္ပံဂုဏ်ထူးဘွဲ့** - ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ
**ဝိဇ္ဇာဘွဲ့** - မြန်မာစာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မြန်မာမှု
**သိပ္ပံဘွဲ့** - ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

**မဟာဝိဇ္ဇာဘွဲ့** - အင်္ဂလိပ်စာ
**မဟာသိပ္ပံဘွဲ့** - သတ္တဗေဒ
**ဝိဇ္ဇာဂုဏ်ထူးဘွဲ့** - အင်္ဂလိပ်စာ
**သိပ္ပံဂုဏ်ထူးဘွဲ့** - သတ္တဗေဒ၊ ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ
**ဝိဇ္ဇာဘွဲ့** - အင်္ဂလိပ်စာ၊ မနုဿဗေဒ
**သိပ္ပံဘွဲ့** - သတ္တဗေဒ၊ ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ

**[အစမ်းလေ့ကျင့်ရန် - ၂၆-၁၁-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ]**

**၂။ (၃၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၉-၁၁-၂၀၂၄ ရက်နေ့ (သောကြာနေ့)**

**နံနက်ပိုင်း - နံနက် (၉:၀၀)နာရီ**

**မဟာဝိဇ္ဇာဘွဲ့** - ပထဝီဝင်
**မဟာသိပ္ပံဘွဲ့** - ရူပဗေဒ၊ သင်္ချာ
**ဝိဇ္ဇာဂုဏ်ထူးဘွဲ့** - ပထဝီဝင်
**သိပ္ပံဂုဏ်ထူးဘွဲ့** - ရူပဗေဒ
**ဝိဇ္ဇာဘွဲ့** - ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ
**သိပ္ပံဘွဲ့** - ရူပဗေဒ၊ သင်္ချာ၊ အဏုဇီဝဗေဒ
**ဘွဲ့လွန်ဒီပလိုမာဘွဲ့** - Geographic Information System (GIS)

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

**မဟာဥပဒေဘွဲ့** - ဥပဒေပညာ
**မဟာဝိဇ္ဇာဘွဲ့** - သမိုင်း
**မဟာသိပ္ပံဘွဲ့** - ရုက္ခဗေဒ
**သိပ္ပံဂုဏ်ထူးဘွဲ့** - အားကစားပညာ
**ဥပဒေဘွဲ့** - ဥပဒေပညာ
**ဝိဇ္ဇာဘွဲ့** - သမိုင်း၊ ဒဿနိကဗေဒ၊ ရှေးဟောင်းသုတေသနပညာ
**သိပ္ပံဘွဲ့** - ရုက္ခဗေဒ၊ ကွန်ပျူတာသိပ္ပံ၊ အားကစားပညာ

**[အစမ်းလေ့ကျင့်ရန် - ၂၆-၁၁-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ]**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၂၃-၁၁-၂၀၂၄ ရက်နေ့မှ ၂၄-၁၁-၂၀၂၄ ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**သန်းစိုးဦး**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

## ဒဂုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ၌ ပြုလုပ်မည့် ဒဂုံတက္ကသိုလ် နေ့သင်တန်းနှင့် အဝေးသင်သင်တန်း၏ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ (တင်ဒါ)ကို ဒဂုံတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၂၁-၁၀-၂၀၂၄ ရက်နေ့မှ စတင်လက်ခံမည်ဖြစ်ပြီး ၃၀-၁၀-၂၀၂၄ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးရေးနှင့် တင်ဒါခေါ်ယူရေးအဖွဲ့**
**ဒဂုံတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ်-၁/ဠ၊ မြေဧရိယာ (၀.၆၁၄)ဧကရှိ မြေပိုင်မြေဟုခေါ်တွင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၆၄) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် (၆)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်သိန်းလှ [၁၂/သဃက(နိုင်) ၁၃၃၁၉၁]၊ ဒေါ်သီတာလှ [၁၂/သဃက(နိုင်) ၁၃၀၂၀၄]၊ ဒေါ်ဝင်းဝင်းကြည် [၁၂/သဃက(နိုင်)၁၂၇၅၀၁]၊ ဦးအောင်ခင် [၁၂/သဃက(နိုင်)၁၂၇၅၄၄]၊ ဒေါ်မီမီလှ [၁၂/သဃက(နိုင်)၁၉၇၄၄၄]၊ ဦးထွန်းဝင်းနိုင် [၁၂/သဃက(နိုင်) ၀၄၂၇၄၁] နှင့် ဒေါ်သင်းသင်းသွယ် [၁၂/သဃက(နိုင်) ၁၇၃၅၆၀] ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်နေအိမ် (၆)လုံး အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၁၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၇၅၀၂၁၈၄၁**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၁)လမ်း၊ အမှတ်(၅၅/ဘီ)၊ ဒုတိယထပ် (၄-လွှာ)ပေါ်တွင် ဆောက်လုပ်ထားသော အလျား (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူက တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်းပြောဆိုဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းရငွေအနက်မှ တစ်စိတ်တစ်ဒေသသောငွေကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါ ခိုင်လုံသောစာရွက်စာတမ်း၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းကြိုင်**
**B.Econ (c.s), H.G. P, R.L**
**အထက်တန်းရှေ့နေ(စဉ်-၁၇၉၈၄)**
**အမှတ်(၁၅၈)၊ မိဂသီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**Ph: 01-7571980, 09-5060279**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ ဇောတိကတည့်ဆင်းလမ်း၊ အမှတ်(၁၈၆) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်- ၁၈၆၊ (၄၀'x၆၀')ရှိ ဦးဝင်းစိန် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား ဆက်စပ်စာချုပ်အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိသူ ဦးတင်ထွန်း [၁၂/ပဘတ(နိုင်) ၀၁၈၉၉၈]မှ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ စောလှဝင်းသန့် [၁၂/ဥကမ(နိုင်) ၁၃၂၆၁၂]က ဝယ်ယူရန်သဘောတူသည့်အလျောက် (၁၇-၁၀-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါပြီး (၇)ရက်အတွင်း မူရင်းစာချုပ်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်ကျော်လွန်ပါက ဤမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောလှဝင်းသန့် [၁၂/ဥကမ(နိုင်)၁၃၂၆၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်တင်မေဦး (L.L.B, D.B.L)** | **ဦးလှိုင်ဘွား (LL.B)** |
| **(စဉ်-၅၃၉၄၈) (၂၀-၁၁-၂၀၂၀)** | **တရားလွှတ်တော်ရှေ့နေ** |
| **အထက်တန်းရှေ့နေ** | **(စဉ်-၈၄၉၄/၂၅-၁၁-၂၀၁၂)** |
| **အမှတ်-၄၆၊ နတ်စင်လမ်း၊** | **အမှတ်(၅၅)၊ အခန်းအမှတ်(၃၁)၊** |
| **ကြည့်မြင်တိုင်၊** | **တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ကျောက်တံတားမြို့နယ်၊** |
| **Ph: 09-761273124** | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း- ၀၉-၄၂၁၀၅၆၀၈၄** |

## ဒေါက်တာဦးအောင်ကို

အိမ်တိုင်ရာရောက်
နားပေါက်ကျယ်ချုပ်သည်၊ နားပေါက်ဖောက်သည်။
နဂိုအတိုင်း လှပစွာ ချုပ်ပေးသည်။
20% OFF
တစ်ပေါက်(၁၅၀၀၀၀)ကျပ်။ နှစ်ပေါက်(၃၀၀၀၀၀)ကျပ်။
**PH: 09-777747223, 09-772038930**

## ဒဂုံတက္ကသိုလ်
## အဝေးသင် သင်တန်း
## (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ် (အဝေးသင် သင်တန်း) ၂၀၂၃ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**၁။ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၇-၁၂-၂၀၂၄ ရက်နေ့ (စနေနေ့)**

**နံနက်ပိုင်း - နံနက် (၉:၀၀)နာရီ**

**ဝိဇ္ဇာဘွဲ့** - မြန်မာစာ ၄မ - ၁ မှ ၄မ - ၃၃၅ အထိ၊ အရှေ့တိုင်းပညာ
**ဥပဒေဘွဲ့** - ဥပဒေပညာ

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

**ဝိဇ္ဇာဘွဲ့** - မြန်မာစာ ၄မ - ၃၃၆ မှ ၄မ - ၇၇၄ အထိ၊ စီးပွားရေးပညာ
**သိပ္ပံဘွဲ့** - သတ္တဗေဒ

**[အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ]**

**၂။ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၈-၁၂-၂၀၂၄ ရက်နေ့ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း - နံနက် (၉:၀၀)နာရီ**

**ဝိဇ္ဇာဘွဲ့** - အင်္ဂလိပ်စာ ၄အ-၁ မှ ၄အ-၂၂၅ အထိ၊ စိတ်ပညာ
**သိပ္ပံဘွဲ့** - ရူပဗေဒ

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

**ဝိဇ္ဇာဘွဲ့** - အင်္ဂလိပ်စာ ၄အ-၂၂၆ မှ ၄အ-၅၃၀ အထိ၊ ပထဝီဝင်
**သိပ္ပံဘွဲ့** - ရုက္ခဗေဒ

**[အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ]**

**၃။ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၉-၁၂-၂၀၂၄ ရက်နေ့ (တနင်္လာနေ့)**

**နံနက်ပိုင်း - နံနက် (၉:၀၀)နာရီ**

**ဝိဇ္ဇာဘွဲ့** - သမိုင်း ၄သ-၁ မှ ၄သ-၂၉၀ အထိ၊ ဒဿနိကဗေဒ
**သိပ္ပံဘွဲ့** - သင်္ချာ

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

**ဝိဇ္ဇာဘွဲ့** - သမိုင်း ၄သ-၂၉၁ မှ ၄သ-၆၃၉ အထိ၊ စီးပွားစီမံ
**သိပ္ပံဘွဲ့** - ဓာတုဗေဒ

**[အစမ်းလေ့ကျင့်ရန်- ၅-၁၂-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ]**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ဝတ်စုံ ငှားရမ်းခွင့်ထောက်ခံစာကို ၂-၁၂-၂၀၂၄ ရက်နေ့မှ ၃-၁၂-၂၀၂၄ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**သန်းစိုးဦး**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

## "အမွေပြတ်စွန့်လွှတ်ကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဟားခါးလမ်း၊ အမှတ် (၇၀၉)နေ ဦးအောင်မြင့် - ဒေါ်ဝင်းရီတို့၏သမီး မခင်စန္ဒီလင်း [၁၂/ဒဂရ(နိုင်) ၀၃၂၆၂၃]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ (၃)နှစ်ကျော် သမီးလေးကိုထားခဲ့ပြီး (၁၇-၁၀-၂၀၂၄)ရက်နေ့က နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ ၎င်း၏မိဘများနှင့်အတူနေစဉ် မိဘများက ၎င်းအမည်နှင့်ထားခဲ့သည့် ပစ္စည်းအရပ်ရပ်သည် ၎င်းနှင့်လုံးဝမသက်ဆိုင်တော့ကြောင်း၊ ထားရစ်ခဲ့သည့် မြေးမလေးသည် ၎င်း၏မိခင်အခွင့်အရေးကလွဲပြီး ၎င်းနှင့်မသက်ဆိုင်ကြောင်း ၎င်းအား အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နေအိမ်မှ ထွက်ခွာသွားသည့်နောက်၊ မခင်စန္ဒီလင်း၏ ဆိုးမွေ၊ ကောင်းမွေတို့သည် အတူနေ မိဘများနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း သိစေအပ်ပါသည်။

**မိဘများ၏လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်အေးမြတ်ထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၆၃၄၆)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးကြောင်း

အဘူဘာကရ်၏သမီး NISHIMA (ခ) SHOUNG HNIN WAI မှတ်ပုံတင်အမှတ် [၁၃/လရန(ပြု) ၀၀၀၉၁၇] ကိုင်ဆောင်သူ၏ မြန်မာနိုင်ငံကူးလက်မှတ်- MB 535058 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**Ph: 09-258541755**

## ကန့်ကွက်နိုင်ကြောင်း
## ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ (၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၄၈၂ ဘီ)၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးခင်ဇော် [၁၂/သကတ(နိုင်) ၀၄၁၃၂၉] အဖအမည် ဦးဝင်းလှိုင်မှ ဦးပြည့်ဖြိုးကျော် [၁၃/ကလန(နိုင်) ၀၈၃၀၇၀]၊ အဖအမည် ဦးအောင်နိုင်ဝင်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း
## ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/ရုံးရပ်၊ မြေဧရိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ-၂၀၂၇၈)ကို အမည်ပေါက် ဦးငွေးမြင့်အောင် (ဘ) ဦးသိန်းဖေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ပသန(နိုင်) ၀၄၁၅၃၉]၏ အထွေထွေကိုယ်စားလှယ်ဖြစ်သူ ဦးသူရကျော် (ဘ) ဦးကျော်ကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ဇဗသ (နိုင်) ၀၀၀၁၉၃]မှ ဒေါ်အေးအေးမြင့် (ဘ) ဦးသိန်းမြင့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ကမရ(နိုင်)၀၁၉၃၉၂] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ် (မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၄၅၀၈/၂၀၂၃ (၂၉-၁၁-၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို**
**မှီ၍**

## ဦးကျော်ကျော်ဦး
**စည်းရုံးရေးနှင့်ပြန်ကြားရေးမှူး**
**မြို့မကျောင်းသား/ကျောင်းသူဟောင်းအသင်း (ရန်ကုန်မြို့)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ လယ်ယာ(၁)လမ်း၊ အမှတ်(၁၁)နေ (ဦးသိန်းထွန်း-ဒေါ်မြမြသန်း)တို့၏သား ဦးကျော်ကျော်ဦးသည် ၁၉-၁၀-၂၀၂၄ (စနေနေ့) မွန်းလွဲ ၁၂:၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၁-၁၀-၂၀၂၄(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်ခန်းမ ၁(ဂ)မှ နေ၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (မြို့မကျောင်းသား/ကျောင်းသူဟောင်းများအသင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်ရွှေ(ခ)ဒေါ်ရင်ရင်(ပန်းတနော်)
**အသက်(၇၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၀-B)၊ ဆိပ်ကမ်းသာလမ်းနေ ဒေါက်တာမန်းသန်းဝင်း(ဒု-ဆေးရုံအုပ်ကြီး၊ မြန်မာနိုင်ငံဆေးကောင်စီအတွင်းရေးမှူး၊ ICRC Coordinator (မြန်မာနိုင်ငံကြက်ခြေနီအသင်း)၏ ချစ်လှစွာသောဇနီး၊ ကိုထွန်းထွန်းဝင်း-ဒေါ်အိပို၊ ဦးကျော်ကျော်ဝင်း-ဒေါ်ရီရီဝင်းတို့၏ မိခင်ကြီး၊ မောင်ခန့်ဇေဘုန်းသစ်၊ မခေတ်သီရိသွယ်တို့၏ အဘွား ဒေါ်ရင်ရင်ရွှေ(ခ)ဒေါ်ရင်ရင်(ပန်းတနော်)သည် ၁၄-၁၀-၂၀၂၄(တနင်္လာနေ့)နံနက် ၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်ဌေး
**(Myanmar Seven Mountains Over Sea Co.,Ltd)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ(ဦးဌေးတင့်-ဒေါ်နုနု)တို့၏သား၊ (ဦးမောင်မောင်မြင့်) - ဒေါ်ဖြူဖြူရွှေ တို့၏ သားသမက်၊ ဒေါ်စန္ဒာမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ Australia နိုင်ငံ Melbourne မြို့နေ ကိုကောင်းမြတ်ဇော်ဌေး-Mrs.Hien Zaw Htay ၊ ကိုမင်းခန့်ဇော်ဌေးတို့၏ ချစ်လှစွာသော ဖခင်၊ Kaison Zaw Htay ၏ ချစ်လှစွာသော အဘိုးသည် ၁၈-၁၀-၂၀၂၄ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၃:၄၅ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဆရာမ ဒေါ်သောင်းမြင့်(ကနီ)
**အထက(၁)ဒဂုံ**

**အသက်(၈၈)နှစ်**

ကနီမြို့နေ (ဦးစက်ဦး-ဒေါ်လေး)တို့၏သမီး၊ အမှတ်(၈၆)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နေ [ဦးသိန်းမြင့်(ရန်ကုန်တိုင်းတရားသူကြီး ဥက္ကဋ္ဌ-ငြိမ်း)]၏ဇနီး၊ (ကပ္ပတိန်ဦးခိုင်ဝင်း)-ဒေါ်နီလာသိန်းမြင့်၊ Chief Officer ဦးမောင်မောင်သိန်းမြင့်-ဒေါ်အိအိခင်၊ ကပ္ပတိန် ဦးဇော်ဝင်း-(ဒေါ်သီတာသိန်းမြင့်)၊ ဦးညီညီသိန်းမြင့်-ဒေါ်ချယ်ရီစိုးတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေး (၁၁)ယောက်၊ မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၁၀-၂၀၂၄ရက် နံနက် ၄:၄၀နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးရုံ၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၂၀-၁၀-၂၀၂၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုပ်ပိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၁၆၇/ခ)၊ (အလျား၂၀ပေxအနံ၆၀ပေ)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ဒုတိယထပ်၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကန်ထရိုက်တာဖြစ်သူ ဒေါ်ခင်မာစန်း(ဘ)ဦးသောင်းရှိန် [၁၄/ကပန(နိုင်)၁၅၆၄၇၄]မှ မိမိသာ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့်** ထိုကမ်းလှမ်းမှုအား ယုံကြည်သောကြောင့် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက (၁၅-၁၀-၂၀၂၄)ရက်နေ့တွင် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာ၌ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၉၅)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်ဗထူးအိမ်ရာ(၁)၊ (၄၈/U-10)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၆၇၊ ၀၉-၂၅၀၀၀၉၃၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာ၊ ဦးပိုင်အမှတ်-၂၉/၃၊ မြို့ကွက်- ၁၊ အင်ကြင်းကုန်းလမ်း၊ ဧရိယာ (၀.၁၃ ဧက)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစိုးနိုင်မှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတင်ဇော်မိုးနှင့် ဒေါ်အေးသီတာခိုင်တို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဥမ္မာထွန်း ( LL.B ,D.B.L,D.I.R,D.M.L )**
**အထက်တန်းရှေ့နေ ( စဉ် - ၃၇၈၈၄ / ၂၀၁၁ )**
**Ph - 09-953499790**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်း
**လက်ထောက်ညွှန်/မှူး(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**အသက်(၆၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်းနှင့်ဒဂုံလွင်လမ်းထိပ်၊ တိုက်(၂)၊ အခန်း(၀၀၁)နေ (ဦးအောင်သန်း-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ (ဦးထွန်းကြည်-ဒေါ်အုန်းတင်)တို့၏သား၊ ဒေါ်အေးအေးနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်မင်းအောင်၊ မောင်ဟိန်းဝဏ္ဏအောင်တို့၏ ကျေးဇူးရှင် ဖခင် ဦးအောင်သန်းသည် ၁၉-၁၀-၂၀၂၄ (စနေနေ့)နံနက် ၉:၅၀ နာရီတွင် သျှင်ပါကူအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၄ (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် (Naing Group Sule Tower)အခန်း(၃၅)၊ (ပထမ)ထပ်ဟု ခေါ်တွင်သော (အလျား ၁၅ပေ x အနံ ၅၀ပေ)ရှိ Hall တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်မူရင်းများနှင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်သူ ဦးသိန်းလွင် [၁၂/ကတတ(နိုင်)၀၀၈၂၃၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q).,C.T.Med.,H.G.P.,R.L** | **LL.B,D.B.L.,D.M.L.,D.I.L.,** |
| **D.B.L.,D.M.L,D.A.Psy,D.A.E** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၄၉၀)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၈)** | |
| **ဖုန်း- ၀၉-၄၃၁၁၉၀၁၃** | |

**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ထောက်ကြန့်မြို့နယ်၊ ရွာမရပ်ကွက်၊ ကန်စွန်းနွယ်( ၁၂ )လမ်း၊ အမှတ်(မရှိ)၊ အကျယ်အဝန်း အလျား(၃၀)ပေXအနံ(၇၃)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ဆက်စပ်လျက် ရှိသော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်အရပ်ရပ်ဖြင့် မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိပြီး၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းယုကြည် [၅/ကလတ(နိုင်)၂၁၀၉၃၆] မှ မြေကွက်၏ကာလပေါက်ဈေးများနှင့်အညီ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးပပအောင် [၈/ခမန(နိုင်)၂၂၂၆၁၅]မှလည်း ယင်းတန်ဖိုးဖြင့် အပိုင်ဝယ်ယူရန် သဘောတူပြီး (၁၈-၁၀-၂၀၂၄)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးပပအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**




## ကိုအောင်ကိုမင်း(ခ)မုဟမ္မဒ်အင်မ်ရားန် [၁၂/ပဘတ(နိုင်)၀၃၅၀၇၅]နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၇၁/၂၇၅)နေ မယမင်းထွဋ်(ခ)သတ်စ်နီးမ် [၁၂/ပဘတ(နိုင်)၀၃၇၃၆၃] ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မယမင်းထွဋ်(ခ)သတ်စ်နီးမ်သည် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၂၃၁/၂၃၇)နေ ကိုအောင်မင်း(ခ)မုဟမ္မဒ်အင်မ်ရားန်နှင့် (၅-၈-၂၀၂၂)ရက်နေ့တွင် အစ္စလာမ့်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြပြီး သား(၁)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ ကိုအောင်မင်း(ခ)မုဟမ္မဒ်အင်မ်ရားန်မှ အိမ်ထောင်ရေးတာဝန်ပျက်ကွက်မှုကြောင့်လည်းကောင်း၊ မယမင်းထွဋ် (ခ)သတ်စ်နီးမ်အား သွလားက်(၁)ကြိမ်ပေးခဲ့မှုအရ လည်းကောင်း၊ မယမင်းထွဋ်(ခ)သတ်စ်နီးမ်သည် ကိုအောင်မင်း(ခ) မုဟမ္မဒ်အင်မ်ရားန်အား မည်သည့်နည်းနှင့်မျှ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် သက်ဆိုင်ရာအစ္စလာမ် ဘာသာရေးအဖွဲ့အစည်းတစ်ခုတွင် အစ္စလာမ့်တရားဥပဒေအရ လင်မယားကွာရှင်းခြင်းဆိုင်ရာ ဓမ္မသတ်ဆုံးဖြတ်ချက်ကို ရယူခဲ့ပြီးနောက် ထိုဓမ္မသတ်ဆုံးဖြတ်ချက်နှင့်အညီ (၁၁-၁၀-၂၀၂၄)ရက်နေ့တွင် ကိုအောင်မင်း(ခ)မုဟမ္မဒ်အင်မ်ရားန်အား ခင်ပွန်းအဖြစ်မှ ရာသက်ပန်စွန့်လွှတ်၍ အပြီးအပြတ်ကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာခဲ့ပြီးဖြစ်၍ ထိုကဲ့သို့ မြွက်ဟကြေညာသည့်နေ့မှစ၍ မယမင်းထွဋ်(ခ)သတ်စ်နီးမ်နှင့် ကိုအောင်မင်း(ခ)မုဟမ္မဒ်အင်မ်ရားန်တို့၏ နေကာဟ်ထိမ်းမြားမှုမှာ အပြီးတိုင်ပျက်ပြယ်သွားပြီးဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းလုံးဝ(လုံးဝ)မရှိတော့ပါကြောင်းနှင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲသွားပြီးဖြစ်ကြောင်း ကိုအောင်မင်း(ခ)မုဟမ္မဒ်အင်မ်ရားန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မယမင်းထွဋ်(ခ)သတ်စ်နီးမ်၏ညွှန်ကြားချက်အရ**
**ဦးကျော်ဝင်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၉၈)**
**အမှတ်(၁၈)၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ခလောက်ချိုက်တိုက်နယ်၊ ခရမ်းဝကျေးရွာအုပ်စု၊ ကင်းရွာကျေးရွာ၊ ရွာဦးကျောင်းလမ်း၊ အိမ်အမှတ်-၄၅၅ တွင် နေထိုင်သူ ဒေါ်စန်းဝင်း [၁၂/မဂဒ(နိုင်)၀၆၈၁၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ (၈- ၁၀- ၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၃)ပါ အကြောင်းအရာအပေါ် အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ဦးစေးသပ်ကလယ်(ခ)ဖိုးစီ [၁၄/မမက(နိုင်)၁၄၃၄၁၂] ဆိုသူမှ (၃၁- ၇- ၂၀၁၃) ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းဝင်းပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလောက်ချိုက်တိုက်နယ်၊ ခရမ်းဝကျေးရွာအုပ်စု၊ ကင်းရွာကျေးရွာ၊ ဦးခင်ကျော်၊ ဒေါ်ပြုံးချို၊ ဦးကျော်သောင်းနှင့် ကင်းရွာအရှေ့ဘုန်းကြီးကျောင်းလမ်းတို့၏ တည်နေရာအတွင်း အိမ်ခြံမြေကွက် အလျား ၁၀၀ ပေ x အနံ ၅၇ ပေရှိ မြေကွက်အား တန်ဖိုးအပြည့်အဝပေးချေပြီး၊ အသိသက်သေများရှေ့မှောက်တွင် လွှဲပြောင်းဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူဖြစ်သည်ဟုဆိုကာ အများသိစေရန်ကြေညာချက်မှာ မှန်ကန်ခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေကွက်အား ဦးစေးသပ်ကလယ် (ခ) ဖိုးစီကို တစ်ကြိမ်တစ်ခါမျှ ရောင်းချထားခဲ့ခြင်းမျိုး လုံးဝမရှိကြောင်း၊ အဆိုပါမြေကွက်အား ဦးစေးသပ်ကလယ်(ခ)ဖိုးစီမှာ လက်ရောက်ရယူထားခြင်းမရှိသလို စီမံပိုင်ခွင့်လည်းမရှိကြောင်းနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း ဦးစေးသပ်ကလယ် (ခ) ဖိုးစီနှင့် ၎င်း၏ရှေ့နေတို့အား ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

(၈-၁၀-၂၀၂၄)ရက်စွဲပါ ကြေညာချက်အား မှန်ကန်ခြင်းမရှိပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ပြန်လည်ရုပ်သိမ်းခြင်းမပြုပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမွန်ထွေး (LL.B)** | **ဒေါ်သီတာဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၇၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၆၁)** |

**အမှတ်(၂၃၄)၊ မဂ္ဂင်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၀၄၆၉၄၄၁၊ ၀၉-၂၅၀၀၄၄၈၆၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL ဒုတိယအကျော့ အဖွင့်ပွဲတွင် ဇယားထိပ်ဆုံး သုံးသင်းစလုံး နိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပထမဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၂) ပထမနေ့ကို အောက်တိုဘာ ၁၉ ရက်က ကျင်းပရာ ဇယားထိပ်ပိုင်းမှ အသင်းသုံးသင်းစလုံး နိုင်ပွဲရရှိသည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲထပ်မံရယူကာ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းသည် ရှမ်းယူနိုက်တက်အသင်းကို အကောင်းဆုံးတုံ့ပြန်သော်လည်း နှစ်ကျော့စလုံး အရေးနိမ့်ခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂




ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




စပါးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## စပါးအသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

စပါးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ အောက်တိုဘာ ၁၉ ရက်ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်(၈)ရဲ့ အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ စပါးအသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းက ပထမပိုင်းပွဲကစားချိန် ၁၈ မိနစ်မှာ မိုဟာမ်မက်ကူဒက်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အိမ်ရှင်အသင်းဖြစ်တဲ့ စပါးအသင်းက ပွဲကစားချိန် ၃၆ မိနစ်မှာ ကူလူဆက်ဗ်စကီးက တစ်ဂိုး၊ ၅၂ မိနစ်မှာ ဘစ်ဆူးမားက တစ်ဂိုး၊ ၅၅ မိနစ်မှာ အာရီအိုလာရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးနဲ့ မိနစ် ၆၀ မှာ ဆွန်ဟောင်မင်ရဲ့ သွင်းဂိုးတွေရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**ဟားမတ်စ်ခေါင်းဆောင် ယာ့ရာဆင်းဝါ သေဆုံးကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား**

စာမျက်နှာ » ၁၃


---

**မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာ ပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ် လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၁၀-၂၀၂၄ မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် အောက်တိုဘာ ၂၁ ရက်၌ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ■